# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၂၆)၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်၊ ၁၈-၇-၂၀၂၄၊ ကြာသပတေးနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြှင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

### တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသတို့ အမှူးပြုသော ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ

စာမျက်နှာ ၃ သို့



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၁၇

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်ပါသည်။

မိုး/ဧလ

## ယနေ့ ဖတ်စရာအညွှန်း


တိုပီနေးအား ဒေါ်ယူရန် ဂါလာတာစရေးအသင်း ဆွေးနွေး

စာမျက်နှာ ၁၁

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးမြေပဲ စိုက်ပျိုးသွားမည်

စာမျက်နှာ ၁၂

၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၈ ရက် ၊ ကြာသပတေးနေ့ ။

မန္တလေး နေ့စဉ်

# ကျန်းမာရေးအသိ အစဉ်ရှိဖို့လိုအပ်မည်

ကျန်းမာခြင်းသည် လာဘ်တစ်ပါးဟု မြန်မာလူမျိုးတိုင်းက ပြောဆိုတတ်ကြသည်။ ကျန်းမာရေးကောင်းမွန်သူတစ်ဦးသည် ဉာဏ်ကိုအရင်းခံကာ ပညာကိုလည်း ရှာဖွေနိုင်မည်ဖြစ်သည်။ စီးပွားဥစ္စာကိုလည်း တိုးသထက်တိုးပွားအောင်ကြံဆောင်နိုင်မည်။ လူမှုရေးကိစ္စများကိုလည်း အားတက်သရော ကူညီဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့အပြင် ကျန်းမာရေးကောင်းခြင်းကြောင့် ကမ္ဘာ့မြေပြင်အနှံ့ကိုလည်း ခြေဆန့်နိုင်မည်။ စိတ်သွားတိုင်းကိုယ်ပါကာ မိမိဖြစ်လိုသမျှကို စွမ်းဆောင်နိုင်မည်ဖြစ်သည်။ ကျန်းမာခြင်းရှိသောသူသည် ကံ၊ ဉာဏ်၊ ဝီရိယကိုအခြေခံ၍ အောင်မြင်မှုများကို တစ်ခုပြီးတစ်ခု ရယူပိုင်ဆိုင်နိုင်မည်။ ကျန်းမာရေးအတွက် ဆောင်ရန်၊ ရှောင်ရန်များကိုလည်း လိုက်နာရမည်ဖြစ်သည်။ ကျန်းမာရေးအတွက် ဆောင်ရန်အချက်မှာ ကိုယ်လက်လှုပ်ရှားအားကစားကို ပုံမှန်လုပ်ဆောင်ပေးရမည်။ ကိုယ်လက်လှုပ်ရှားမှုကြောင့် ခန္ဓာကိုယ်မှ ချွေးထွက်ရှိစေသဖြင့် ကိုယ်ခန္ဓာ ပေါ့ပါးလန်းဆန်းစေမည်လည်းဖြစ်သည်။ သွေးလည်ပတ်မှုနှုန်းမြန်စေပြီး ကြွက်သားများ သန်မာစေမည်ဖြစ်သည်။ ကိုယ်လက်လှုပ်ရှားအားကစားလုပ်ရန် အချိန်မရလျှင် လမ်းလျှောက်သင့်သည်။ လမ်းလျှောက်ခြင်းသည် အညောင်းအညာပြေစေသည့်အပြင် အမောခံနိုင်ခြင်း၊ သက်လုံကောင်းခြင်းတို့ကိုဖြစ်စေသည်။ ကျန်းမာရေးအတွက် ဆောင်ရန်အချက်များအနက် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် မိမိပတ်ဝန်းကျင် သန့်ရှင်းရေးတို့လည်းပါဝင်နေသည်။ သန့်သန့်ရှင်းရှင်းနေထိုင်မှ ရောဂါပိုးမွှားများ အလွယ်တကူမဝင်ရောက်နိုင်မှာဖြစ်သည်။ လက်များကို စနစ်တကျစင်ကြယ်အောင်ဆေးပြီးမှ အစာကိုစားသုံးသင့်သည်။ ကျန်းမာရေးကောင်းမွန်စေရန်အတွက် လေကောင်းလေသန့်များများ ရှူပေးရန်လည်းလိုမည်ဖြစ်သည်။ လေကောင်းလေသန့်ရှူခြင်းသည် အဆုတ်ကိုအားကောင်းစေပြီး အဆုတ်နှင့် သက်ဆိုင်သော ရောဂါများကို ပျောက်ကင်းစေမည်။ ကျန်းမာရေးကောင်းစေရန် တရားထိုင်ခြင်း၊ ဝိပဿနာရှုမှတ်ခြင်းတို့လည်း ပါဝင်နေသည်။

ထို့ကြောင့် ကျန်းမာရေးအတွက် အသိအစဉ်ရှိဖို့လိုအပ်မည်ဖြစ်သည်။ ကျန်းမာရေးအတွက် ရှောင်ရန်အချက်များလည်းရှိသည်။ ကျန်းမာရေးအတွက် အရေးကြီးသော ရှောင်ရန်အချက်တစ်ခုမှာ မတည့်သောအစားအစာများကို သတိထားကာ စားသုံးသင့်သည်။ ထို့အပြင် အဆီအဆိမ့်များ၊ အငံနှင့် အချိုများသောအစားအစာတို့သည် လူကိုဘေးအန္တရာယ်ဖြစ်စေနိုင်သဖြင့် သတိထားပြီး စားသုံးရန် လိုမည်ဖြစ်သည်။ ထို့ပြင် မူးယစ်ဆေးဝါးသုံးစွဲခြင်းသည်လည်း ကျန်းမာရေးကို ထိခိုက်စေသဖြင့် ရှောင်ရှားရမည်ဖြစ်သည်။ ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍အကျိုးရှိသောကြောင့် ကျန်းမာရေးနှင့် ပတ်သက်သည့် ရှောင်ရန်အချက်များကို အစဉ်လိုက်နာနေထိုင်သင့်သည်။

သို့ဖြစ်ရာ ကျန်းမာရေးအသိ အစဉ်ရှိမှသာ ပညာလည်းရှာဖွေနိုင်၊ စီးပွားလည်းရှာဖွေနိုင်မည်ဖြစ်ပြီး တစ်မျိုးသားလုံး ကျန်းမာသန်စွမ်းရေးအတွက် အမြဲတမ်းသတိနှင့်ယှဉ်ကာ ဂရုတစိုက် နေထိုင်သွားပါက ကျန်းမာခြင်းဟူသည့် လာဘ်တစ်ပါးဖြင့် ပြည့်စုံမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်

**မန္တလေး ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ မဟာဝိဇိတာရာမတိုက်၊ အမှတ်(၁၆) နေမင်းဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်းတွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ၁၃၈၆ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက် ဇူလိုင် ၂၁ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ အဆိုပါကျောင်းရှိ ငါးထပ်ကျောင်းဆောင်သစ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် ရန်ကုန်မြို့နေ ရဟန်းဒါယကာကြီး ဦးမျိုးချစ်အား ရည်စူး၍ ရဟန်းဒါယိကာမကြီး ဒေါ်ညိုညိုမိသားစုက အမှတ်(၁၆)နေမင်းဘုန်းတော်ကြီး သင်ပညာရေး မူလတန်းလွန်ကျောင်း၊ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တခေမာစာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပြီး မန္တလေးတအောင်း(ပလောင်) လူမှုကူညီရေးအသင်းက အရဏ်ဆွမ်းနှင့် နေ့ဆွမ်းများ၊ မန္တလေး ပလောင်မယ် ဝတ်ရွတ်အသင်းက အချိုပွဲများဆက်ကပ် လှူဒါန်းမည်ဖြစ်ရာ ကျောင်းအကျိုးတော်အဖွဲ့ဝင်များအနေဖြင့် ဖိတ်ကြားစာရသည်ဖြစ်စေ၊ ဖိတ်ကြားစာမရသည်ဖြစ်စေ အဆိုပါအခမ်းအနားသို့ ကြွရောက်ကြပါရန်နှင့် နေမင်းကျောင်း ပဓာနနာယကဆရာတော်၏ တပည့် ဒါယကာ၊ တပည့်ဒါယိကာများလည်း တက်ရောက်ကြပါရန် ကျောင်းအကျိုးတော်ဆောင်အဖွဲ့အနေဖြင့် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။

(ဝ၅၃)




ရန်ကုန်မြို့၊ သီရိဂုဏ်ရာအိမ်ရာ၊ သင်္ကန်းကျွန်းမြို့နယ်နေ ဦးစိုးသိန်း+ဒေါ်ခင်လင်းသူ၊ (သားကြီး)မောင်ဝင်းသစ်ထွန်း+ဒေါက်တာ ငြိမ်းနန္ဒာအောင်၊ (သားငယ်)မောင်ဟိန်းသန့်၊ (သမီး)မောင်သန်းထိုက်ဖြိုး+မသဥ္ဇာစိုး၊ (မြေး)မောင်ဘုန်းမင်းခန့်၊ မောင်ထူးခန့်လွင် မိသားစုမှ မဟာလောကရန်နိုင်အောင်တော်မူဘုရား သံဃာတော်များအသုံးပြုရန် အဆင့်မြင့်သန့်စင်ခန်း တည်ဆောက်ရန်အတွက် အလှူငွေ ကျပ် ၁၀,၀၀၀,၀၀၀ိ/(ကျပ်သိန်းတစ်ရာ)ကို ဇူလိုင် ၁၅ရက် ညနေပိုင်းက လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ကြည်နှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။



## ပန်းခင်းစီမံချက်ဖြင့် (Biometric) ဇီဝဆိုင်ရာ အချက်အလက် ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးရဲမင်းထွန်း ဦးဆောင်သည့် ဝန်ထမ်းများသည် ပန်းခင်းစီမံချက်ဖြင့် ဇီဝဆိုင်ရာအချက်အလက်(Biometric) ကောက်ယူခြင်းလုပ်ငန်းများကို ယနေ့ နံနက် ၁၀နာရီက သံလျက်မော်တောင်ရပ်ကွက်၊ အမှတ်(၁၈)အခြေခံပညာကျောင်းတွင် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ရပ်ကွက်များ၊ ကျောင်းများအတွင်း ကွင်းဆင်းဆောင်ရွက်ရာတွင် ဦးတည်အုပ်စုအလိုက် အမည်စာရင်းရယူထားသော ရပ်ကွက်နေ မိဘပြည်သူများနှင့် မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၏ ဇီဝဆိုင်ရာအချက်အလက်(Biometric)ကောက်ယူခြင်းကို ရပ်ကွက်များ၊ ကျောင်းများအလိုက် နေ့စဉ်သတ်မှတ်ရက်အတွင်း နေ့စဉ်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အချက်အလက်ကောက်ယူပြီးသူများ၏ Biometric Date၊ Biographic Data များကို Database တွင် သိမ်းဆည်းကာ ဂဏန်း(၁၀)လုံးပါဝင်သည့် Unique ID နံပါတ်ပါကတ်ပြားများကို နေ့ချင်းပြီး ထုတ်ပေးခဲ့ကြောင်း သိရသည်။

ချမ်းမြသာစည်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ပန်းခင်းစီမံချက်များဖြင့် ရပ်ကွက်များ၊ ကျောင်းများသို့ သွားရောက်၍ ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ချမ်းမြေ့)**

## ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး အမှိုက်များ ဆယ်ယူ

**အောင်လံ ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့ပေါ်ရပ်ကွက်များမှ ထွက်ရှိလာသော အမှိုက်များကို အောင်လံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အလှည့်ကျသိမ်းဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဂုံးပေါက်များရှင်းလင်းခြင်း၊ မိုးရေနှင့်အတူမျောပါလာသော အမှိုက်နှင့် ဒိုက်များရှင်းလင်းခြင်း၊ ရေမြောင်းအတွင်းမှ ရွံ့နုန်းများ၊ အညစ်အကြေးများအား ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများကို ကန်ကြီးရပ်ကွက် အလယ်လမ်း (၈)လမ်းဆုံ၌ ဆောင်ရွက်နေမှုများကို အောင်လံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စစ်ဆေးကြည့်ရှုခဲ့ပြီး အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာတို့က ရေမြောင်းတူး ဖော်နေမှု အခြေအနေအား ရှင်းလင်းတင်ပြခဲ့ပြီး အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ဆက်လက်တူးဖော်ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**မျိုးသိန်း(ပြန်/ဆက်)**



## သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynews paper @ gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနား တက်ရောက်လာကြသူများ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။

✪ ရှေ့ဖုံးမှ

ဆရာတော်ကြီးများ အပါအဝင် ပင့်ဖိတ်ထားသည့်ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) နှင့် ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်သည်။

ယင်းနောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက် လာကြသူများက နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူ ဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွား ချီးမြှင့်တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က နိုင်ငံတော်

စာမျက်နှာ ၄ သို့ ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ် ဆရာတော်ကြီး ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

✪ စာမျက်နှာ ၃ မှ

သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တက်ရောက်လာကြသူများနှင့် ဇနီးများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ တက်ရောက် လာကြသူများက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**ဆက်ကပ်လှူဒါန်း**

အခမ်းအနား အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အခမ်းအနား တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများသည် သန်လျင် မင်းကျောင်းဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ-ရုရှား စစ်ဘက်ကျန်းမာရေးစောင့်ရှောက်မှု အတွေ့အကြုံဖလှယ်ခြင်း ဆွေးနွေးပွဲပြုလုပ်

နေပြည်တော် ဇူလိုင် ၁၇

မြန်မာ-ရုရှား စစ်ဘက်ကျန်းမာရေးစောင့်ရှောက်မှု အတွေ့အကြုံဖလှယ်ခြင်း ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)၌ ကျင်းပရာ မြန်မာ့တပ်မတော်မှ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ကိုကိုလွင်နှင့် တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ ပင်မတပ်မတော် ဆေးဘက်ဆိုင်ရာ ညွှန်ကြားမှုဦးစီးဌာနမှ Major General Denis Vladimirovich DAVYDOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။



ဦးစွာ နှစ်နိုင်ငံအဖွဲ့ခေါင်းဆောင်များက အဖွင့်အမှာစကားများ ပြောကြားကြပြီး စစ်ဘက်ကျန်းမာရေး စောင့်ရှောက်မှုအတွေ့အကြုံများ အပြန်အလှန် သုံးသပ်ဆွေးနွေးခြင်း၊ ဆေးဘက်ဆိုင်ရာ သုတေသန ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ ရောဂါကာကွယ်ဆေးများ ထုတ်လုပ်နိုင်ရေးကိစ္စရပ်များ၊ ဆေးပညာရပ်ဆိုင်ရာ အဆင့်မြင့်သင်တန်းများ စေလွှတ် တက်ရောက်နိုင်ရေး ကိစ္စရပ်များ၊ စစ်ဘက်ဆေးပညာရပ်ဆိုင်ရာ သင်ကြားရေးနှင့် လေ့ကျင့်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံဆေးတပ်ဖွဲ့များအကြား ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များ ဆွေးနွေးကြသည်။ ယင်းနောက် ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး သမိုင်းမှတ်တမ်း Video Clip ကို ကြည့်ရှုကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် ရုရှားတပ်မတော်မှ ကိုယ်စားလှယ်အဖွဲ့သည် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) ထိခိုက်ဒဏ်ရာနှင့် အရိုးရောဂါကုသမှုဌာနသို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။

ရုရှား ဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန အောက်ရှိ ပင်မတပ်မတော် ဆေးဘက်ဆိုင်ရာ ညွှန်ကြားမှုဦးစီးဌာနမှ ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)၌ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးအား ဂါရဝပြုတွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စစ်ဘက်ဆေးပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ ပင်မတပ်မတော် ဆေးဘက်ဆိုင်ရာညွှန်ကြားမှုဦးစီးဌာနမှ ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်ရှိ တပ်မတော် စစ်သမိုင်းပြတိုက်နှင့် မြန်မာ့ ကျောက်မျက်ရတနာပြတိုက်များသို့ သွားရောက်လေ့လာခဲ့ကြပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝဏ္ဏကံတော်တွင် တည်ထားပူဇော်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်လေ့လာဖူးမြော် ကြည်ညိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သိကောင်းစရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော "သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သိကောင်းစရာ" အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်၊ (က) ရပ်ကွက်၊ ၆၉ လမ်း၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ အ·လ·က (၂၁)ကျောင်းတွင် ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် သစ်တော၊ သစ်ပင်၏ အကျိုးကျေးဇူးများ၊ သစ်တောသစ်ပင်များတွင် နေထိုင်ကြသော ဇီဝမျိုးကွဲများ၏အရေးပါမှု၊ သစ်တောဦးစီးဌာနမှ လုပ်ကိုင်နေသော သစ်တောဂေဟစနစ် ထိန်းသိမ်းရေးလုပ်ငန်းများအကြောင်းကို မဟာအောင်မြေမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးနေယုက ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား အသိပေးဟောပြောသည်။

ဟောပြောပွဲ အပြီးတွင် အ·လ·က(၂၁)ကျောင်းဝင်းအတွင်း ကျွန်း ၁၀ ပင်၊ တပေဘူတ ၁၀ ပင်၊ မယ်ဇယ် ၁၅ ပင်၊ ပိတောက် ၁၀ ပင်၊ ယင်းမာ ၁၀ ပင်၊ မဲဇလီ ၁၀ ပင်၊ ငုရွှေဝါ ၁၀ ပင်၊ စိန်ပန်း ၁၀ ပင်၊ စုစုပေါင်း ၈၅ ပင်ကို ကျောင်းသား၊ ကျောင်းသူများက စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၅)**



# (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥသြဆွဲရန်

နေပြည်တော် ဇူလိုင် ၁၇

၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက်(သောကြာနေ့) (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက်ဌာန/ ရုံးအဆင့်ဆင့်သို့ ဆက်လက် အသိပေးညွှန်ကြားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အစိုးရရုံးဌာနအဖွဲ့အစည်းအားလုံးသို့ ညွှန်ကြားထားကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိခဲ့သော နိုင်ငံ့ကိုယ်စားပြု မန္တလေးတိုင်းဒေသကြီးမှ အားကစားသမားများကို ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်

**မန္တလေး ဇူလိုင် ၁၇**

နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိခဲ့သည့် နိုင်ငံ့ကိုယ်စားပြု မန္တလေးတိုင်းဒေသကြီးမှ အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အားကစားဆပ်ကော်မတီများ၊ အောင်ပွဲရ အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် "ယခုလို နိုင်ငံတကာအားကစားပြိုင်ပွဲများ၌ ရွှေတံဆိပ် ၁၂ ဆု၊ ငွေတံဆိပ် လေးဆုနှင့် ကြေးတံဆိပ် ရှစ်ခုကို ရယူနိုင်ပြီး နိုင်ငံ့ဂုဏ်၊ တိုင်းဒေသကြီးဂုဏ်ကို ဆောင်နိုင်ခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကြိုးပမ်းအားထုတ်မှု၏ အောင်မြင်မှုများကို ခံစားကြရခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်က အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးပံ့ပိုးဖြည့်ဆည်းပေးနေပါကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင် သက်ကြီး အားကစားသမားများကို ၎င်းတို့၏စွမ်းဆောင်ရည်အလိုက် လစဉ်ထောက်ပံ့ကြေးများကို ၂၀၂၂ ခုနှစ်မှ စတင်ချီးမြှင့်ထောက်ပံ့ပေးနေပါကြောင်း၊ ၂၀၂၅ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် ယခင်နှစ်များထက် ပိုမိုအောင်မြင်မှုများရရှိရန် လူရွေးချယ်ရေး၊ စခန်းသွင်းလေ့ကျင့်ရေးနှင့်အောင်နိုင်ရေးတို့အတွက် စီမံချက်များ စနစ်တကျရေးဆွဲချမှတ်ပြီး ကြိုတင်ပြင်ဆင်လေ့ကျင့်မှုများကို ထိရောက်အောင်မြင်စွာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း" ပြောကြားခဲ့သည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုဆုများချီးမြှင့်ရာ ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် 7th World Vovinam Championship ပြိုင်ပွဲနှင့် 13th Asean School Games Vietnam 2024 ဗိုဗီနမ်အားကစားနည်း၊ လာအိုနိုင်ငံတွင် ကျင်းပခဲ့သည့် 18th South East Asia Bodybuilding And Physique Sport Championship 2024 ပြိုင်ပွဲနှင့် Badminton Asia South East Asia Regional Junior Championship 2024 ပြိုင်ပွဲ၊ မလေးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် STAF WORLD CUP SEPAKTAKRAW 2024 ပြိုင်ပွဲ၊ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် 21st Asean University Game ပြိုင်ပွဲတို့တွင် ရွှေတံဆိပ်၊ ငွေတံဆိပ်နှင့် ကြေးတံဆိပ်များ ဆွတ်ခူးရရှိခဲ့သည့် အားကစားသမား ၁၅ ဦးကို ဂုဏ်ပြုဆုငွေများနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သော အားကစားအသင်းများ၏ နည်းပြ သုံးဦးတို့အား ဂုဏ်ပြုငွေများကို ချီးမြှင့်ခဲ့သည်။

၎င်းနောက် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကိုယ်စား အားကစားသမား တစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အောင်ပွဲရဆုရ အားကစားသမားများ၊ နည်းပြများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူး၍ ရင်းနှီးစွာ နှုတ်ဆက်ပြီး လန်းဆန်းစာများဖြင့် ဂုဏ်ပြုဧည့်ခံခဲ့ကြောင်းနှင့် အောင်ပွဲရ အားကစားသမားများ ယှဉ်ပြိုင်ကစားခဲ့ကြသည့် Video Clip များကို ပြသခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**












# ဝန်ကြီးချုပ် အတ်တာလ်၏ နုတ်ထွက်လွှာကို ပြင်သစ်သမ္မတ မာခရွန် လက်ခံလိုက်ရပြီ

**ပဲရစ် ဇူလိုင် ၁၇**

ဝန်ကြီးချုပ် ဂါဘရီယယ်လ် အတ်တာလ်၏ နုတ်ထွက်လွှာကို ဇူလိုင် ၁၆ ရက်က ပြင်သစ်သမ္မတ အီမန်နျူယယ်မာခရွန် လက်ခံလိုက်ရပြီဖြစ်ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။



သို့ရာတွင် အိမ်စောင့်အစိုးရအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ပေးရန် သမ္မတက ပန်ကြားသဖြင့် အစိုးရသစ်ထံသို့ တာဝန်လွှဲပြောင်းပေးသည့်အချိန်အထိ ၄င်း ဦးဆောင်သောအစိုးရ ဆက်လက်တာဝန်ထမ်းဆောင်နေဦးမည်ဟု ဆိုသည်။

အိမ်စောင့်အစိုးရအနေဖြင့် ပါလီမန်တွင် ဥပဒေသစ်များ ပြဋ္ဌာန်းပိုင်ခွင့် မရှိသည်မှအပ စီမံအုပ်ချုပ်ရေးအာဏာ အပြည့်အဝပိုင်ဆိုင်မည် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ပြင်သစ်သမိုင်းတစ်လျှောက်တွင် အိမ်စောင့်အစိုးရသည် ရက်ပိုင်းသာ အသက်ဝင်ခဲ့သည်ကို တွေ့ရသည်။

အသက် ၃၄ နှစ်အရွယ် အတ်တာလ်သည် မူလက ပညာရေးဝန်ကြီးတာဝန်ထမ်းဆောင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလရောက်မှ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## တရုတ်ပုဂ္ဂလိက အာကာသယာဉ်လွှတ်တင်ရေးစခန်း လာမည့် စက်တင်ဘာလတွင် လုပ်ငန်းစတင်မည်



**ပေကျင်း ဇူလိုင် ၁၇**

တရုတ်နိုင်ငံ၏ ပထမဆုံး ပုဂ္ဂလိက အာကာသယာဉ်လွှတ်တင်ရေးစခန်းဖြစ်သော ဟိုင်နန် အပြည်ပြည်ဆိုင်ရာစီးပွားဖြစ်အာကာသယာဉ်လွှတ်တင်ရေးစခန်း လာမည့် စက်တင်ဘာလတွင် လုပ်ငန်းစတင်မည်ဖြစ်ကြောင်း တရုတ်နေ့စဉ်သတင်းဌာနက ဖော်ပြသည်။

ထိုစခန်းရှိ ပထမဆုံး ဒုံးလွှတ်စင်ကို ယမန်နှစ် ဒီဇင်ဘာလနှောင်းပိုင်းတွင်လည်းကောင်း၊ ဒုတိယဒုံးလွှတ်စင်ကို ဇွန်လဆန်းပိုင်းကလည်းကောင်း ပြီးစီးအောင် တည်ဆောက်ခဲ့သည်။

အသေးစားပြောင်းလဲမှုများနှင့် အပြီးသတ်ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေရသဖြင့် ပထမဆုံး လွှတ်တင်မှုကို အောက်တိုဘာလအထိ ရွှေ့ဆိုင်းရဖွယ်ရှိကြောင်း စခန်း၏ဥက္ကဋ္ဌ ယန်းတယန်လျန်းက ရှင်းပြသည်။

**Mon**



# တရုတ်နိုင်ငံလုပ် လျှပ်စစ်ကားများ တင်သွင်းသည်ကို ဗြိတိန်နိုင်ငံက အခွန်အတုပ်များစွာ ကောက်ခံမည်မဟုတ်

**လန်ဒန် ဇူလိုင် ၁၇**

တရုတ်နိုင်ငံလုပ် လျှပ်စစ်ကားများ တင်သွင်းသည်ကို ဗြိတိန်နိုင်ငံက အခွန်အတုပ်များစွာ ကောက်ခံမည်မဟုတ်ဟု ဗြိတိသျှကုန်သွယ်ရေးဝန်ကြီး ဂျိုနသန် ရေးနိုးက ဇူလိုင် ၁၆ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အီတလီနိုင်ငံတွင် လက်ခံကျင်းပသော ဂျီဆဲဗင်းကုန်သွယ်ရေးဝန်ကြီးများညီလာခံ၌ ဝန်ကြီးရေးနိုးက ထိုသို့ အတိအလင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

ဥရောပသမဂ္ဂဝင်နိုင်ငံများအနေဖြင့် တရုတ်နိုင်ငံမှ တင်သွင်းသည့် လျှပ်စစ်ကားများအပေါ် အခွန်အတုပ် ၃၈ ရာခိုင်နှုန်းအထိ ကောက်ခံသွားမည်ဟု လွန်ခဲ့သော ဇွန်လကတည်းက အတည်ပြုကြေညာခဲ့ပြီး ဖြစ်သည်။

တရုတ်လျှပ်စစ်ကားထုတ်လုပ်ရေးကုမ္ပဏီများနောက်ကွယ်တွင် အစိုးရက ငွေကြေးထည့်ဝင်ရင်းနှီးမြှုပ်နှံပေးထားကြောင်း စုံစမ်းတွေ့ရှိရသည်ဟုဆိုကာ ဥရောပသမဂ္ဂက ယင်းကဲ့သို့ အခွန်တိုးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

# အီရန်နိုင်ငံက လုပ်ကြံရန် စီစဉ်ထားသည်ဆိုသဖြင့် ဒေါ်နယ်လ်ထရမ့်၏ လုံခြုံရေး ဆက်လက်တိုးမြှင့်

**ဝါရှင်တန် ဇူလိုင် ၁၇**

အီရန်နိုင်ငံက လုပ်ကြံရန်စီစဉ်ထားသည်ဆိုသဖြင့် သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်၏ လုံခြုံရေး ဆက်လက်တိုးမြှင့်ထားရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အသက် ၂၀ အရွယ် သောမတ်စ်မက်သယူးခရွတ်စ်က ထရမ့်ကို လုပ်ကြံသတ်ဖြတ်ရန် မကြိုးစားမီ ရက်သတ္တပတ်အနည်းငယ်အကြာကတည်းက အီရန်နိုင်ငံက ထရမ့်ကို လုပ်ကြံမည်ဆိုသော သတင်းနှင့် ပတ်သက်၍ အမေရိကန်လျှို့ဝှက်တပ်ဖွဲ့က ကြားသိထားခဲ့သည်။

၂၀၂၀ ပြည့်နှစ်က အီရန်ဗိုလ်ချုပ် ကွပ်ဆင်မ်ဆိုလေမာနီကို အမေရိကန်ဒရုန်းယာဉ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ပြီးနောက်ပိုင်း အီရန်ဘက်က အမေရိကန်ကို လက်တုံ့ပြန်မည်ဟု အကြိမ်ကြိမ်ခြိမ်းခြောက်ခဲ့သည်။

ထိုခြိမ်းခြောက်မှုများနှင့် ပတ်သက်၍ သတင်းရင်းမြစ်များ တိုက်ဆိုင်စစ်ဆေးနေဆဲဖြစ်သည်ဟု အမေရိကန်လျှို့ဝှက်တပ်ဖွဲ့ ပြောခွင့်ရသူက ရှင်းပြကြောင်း သိရသည်။

**Mon**




# ပီရူးနိုင်ငံ တောင်အလယ်ပိုင်း အင်ဒီးစ်တောင်တန်း၌ ဘတ်စ်ကား ချောက်ထဲထိုးကျ၊ လူ ၂၃ ဦး သေဆုံးခဲ့ရ

**လီမာ ဇူလိုင် ၁၇**

ပီရူးနိုင်ငံ တောင်အလယ်ပိုင်းဒေသ အင်ဒီးစ်တောင်တန်းတစ်နေရာ၌ ဇူလိုင် ၁၆ ရက် နေ့လယ်ပိုင်းတွင် ခရီးသည်တင်ဘတ်စ်ကား ချောက်ထဲထိုးကျမှုဖြစ်ပွားရာ လူ ၂၃ ဦး သေဆုံးခဲ့ရကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

ခရီးသည် ၄၀ ဦးကျော်ကို တင်ဆောင်၍ လီမာမြို့တော်မှ ထွက်ခွာလာခဲ့သော ထိုဘတ်စ်ကားသည် အယာကူချိုမြို့သို့ ဦးတည်မောင်းနှင်နေစဉ် ၆၅၆ ပေ ခန့်နက်သော ချောက်ကြီးထဲသို့ ထိုးကျသွားခဲ့ခြင်း ဖြစ်သည်။

ဒဏ်ရာရသူ ၁၃ ဦးတို့ကို ကယ်ဆယ်ရေးအဖွဲ့ဝင်များက အခင်းဖြစ်ပွားသော နေ့လယ်ပိုင်းတွင် ဆေးရုံသို့ ပို့ပေးနိုင်ခဲ့ကြောင်း သိရသည်။

**Mon**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော်အရှေ့ဘက် နန်ဂါဟာပြည်နယ် ဂျာလာလာဘတ်မြို့ ဆာ့ခ်ရုတ်ရပ်ကွက်တွင် ဇူလိုင် ၁၅ ရက်က မိုးသည်းထန်မြေပြိုသဖြင့် ပြိုကျသွားသော အိမ်တစ်အိမ်ကို လူအများ ဝိုင်းအုံကြည့်ရှုနေကြစဉ်။

**Mon**



# ဘန်ကောက်မြို့တော် ဂရင်းဟယတ်အီရာဝမ်ဟိုတယ်၌ ပဟေဠိဆန်သော ခြောက်လောင်းပြိုင်လူသတ်မှု ဖြစ်ပွား

**ဘန်ကောက် ဇူလိုင် ၁၇**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တော်ရှိ နာမည်ကျော် ဂရင်းဟယတ်အီရာဝမ်ဟိုတယ်၌ ဇူလိုင် ၁၆ ရက်က ပဟေဠိဆန်သော ခြောက်လောင်းပြိုင်လူသတ်မှု ဖြစ်ပွားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မွန်းလွဲပိုင်း အိပ်ခန်းဆောင်သန့်ရှင်းချိန်၌ သက်ဆိုင်ရာဝန်ထမ်း အခန်းထဲသို့ဝင်လာပြီးနောက် လူခြောက်ဦး သေဆုံးနေသည်ကို တွေ့ခဲ့သည်။

၄င်းတို့အနက် လေးဦးမှာ ဗီယက်နမ်နိုင်ငံသားများဖြစ်ပြီး ကျန်နှစ်ဦးမှာ ဗီယက်နမ်-အမေရိကန် ဒွိနိုင်ငံသားများဖြစ်ကြောင်း ဘန်ကောက်ရဲတပ်ဖွဲ့ ကနဦး ဖော်ထုတ်သိရှိခဲ့သည်။

ထို့နောက် သက်ဆိုင်ရာမှုခင်းဆရာဝန်က အလောင်းများကို ရင်ခွဲစစ်ဆေးကြည့်ရာတွင် သေဆုံးသူအားလုံး အဆိပ်မိ သေဆုံးခြင်းဖြစ်ကြောင်း ဘန်ကောက်ရဲတပ်ဖွဲ့ကို အစီရင်ခံခဲ့သည်။

ရဲစုံထောက်များက အခင်းဖြစ်အခန်းထဲ၌ စစ်ဆေးသောအခါတွင်လည်း လက်ဖက်ရည်ခွက်များထဲတွင် ဆိုင်ယာနိုက်အဆိပ်များကို တွေ့ရှိခဲ့သည်။

အဆိပ်ခတ်ခဲ့သည့် တရားခံမည်သူဖြစ်သနည်း ဖော်ထုတ်နိုင်ရန် ထိုင်းနှင့် အမေရိကန်စုံထောက်များ ဆက်လက်စုံစမ်းနေကြောင်း သိရသည်။

**Mon**



# PDF အမည်ခံ အကြမ်းဖက်သမားများက ပခုက္ကူမြို့ အောင်သာကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကျောင်းအုပ်ဆရာမကြီးအပါအဝင် အပြစ်မဲ့ပြည်သူ သုံးဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

နေပြည်တော် ဇူလိုင် ၁၇

PDF အမည်ခံ အကြမ်းဖက်သမားများသည် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အောင်သာကျေးရွာအတွင်းသို့ လက်နက်ကြီး၊လက်နက်ငယ်များ၊ Drop Bomb များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် မူလတန်းကျောင်းအုပ်ဆရာမကြီးအပါအဝင် အပြစ်မဲ့ပြည်သူ သုံးဦး သေဆုံးပြီး ဆရာမတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့နံနက် ၅ နာရီ မိနစ်၂၀ မှ ၆ နာရီ မိနစ်၂၀ အထိ ပခုက္ကူမြို့အနောက်တောင်ဘက် မီတာ ၁၇၀၀၀ ခန့် အကွာတွင်ရှိသော အောင်သာကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် မူလတန်းကျောင်းအုပ်ဆရာမကြီးတစ်ဦး အပါအဝင် အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း သုံးဦး သေဆုံးခဲ့ပြီး ဆရာမတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထို့ပြင် PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာအတွင်းရှိနေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် နေအိမ် ၃၆ လုံး မီးလောင်ပျက်စီးခဲ့ရကြောင်း သိရှိရပြီး ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဆရာမတစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပခုက္ကူမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဒေသခံပြည်သူများ အေးချမ်းစွာနေထိုင်လျက်ရှိသော မြို့၊ ရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bomb များ ကြဲချတိုက်ခိုက်ခြင်းကြောင့် ပြည်သူလူထု၏ အသက်အိုးအိမ်၊ စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရပြီး ထိုသို့ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဒေသခံပြည်သူလူထုမှ လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ပြင်းထန်စွာကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




PDF အမည်ခံအကြမ်းဖက်သမားများက ပခုက္ကူမြို့ အောင်သာကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ပြပုံ။





PDF အမည်ခံအကြမ်းဖက်သမားများက ပခုက္ကူမြို့ အောင်သာကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် မီးလောင်ပျက်စီးခဲ့ရသည့် နေအိမ်များအား တွေ့မြင်ရစဉ်။

## မော်လမြိုင်ကျွန်းမြို့တွင် လူငယ်နှစ်ဦးကို စစ်မှုထမ်းဆောင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

နေပြည်တော် ဇူလိုင် ၁၇

ဧရာဝတီတိုင်း ဒေသကြီး မော်လမြိုင်ကျွန်းမြို့တွင် စစ်မှုထမ်းဆောင်ရန် အမည်စာရင်းတွင် ပါဝင်ပြီး လာရောက်သတင်းပို့ခြင်း မရှိသည့် လူငယ်နှစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင် ၁၄ ရက်တွင် အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား




ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မော်လမြိုင်ကျွန်းမြို့တွင် စစ်မှုထမ်းဆောင်ရန် အမည်စာရင်း ပါဝင်ပြီး လာရောက်သတင်းပို့ရန် ပျက်ကွက်သူများ မရှိကြောင်းနှင့် တရားမဝင် ပြည်ဖျက်မီဒီယာများတွင် ရေးသားဖော်ပြခဲ့သည့် အဆိုပါ လူငယ်နှစ်ဦးမှာလည်း ပြည်သူ့စစ်မှုထမ်း အမည်စာရင်းတွင် ပါဝင်ခြင်းမရှိကြောင်း ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်ပြီး တာဝန်ရှိသူများအနေဖြင့် အတည်ပြုပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို မလိုလားသူများက ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ ပြည်သူလူထု အထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းအမှားများဖြင့် လူမှုကွန်ရက်တွင် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မင်းလှမြို့နယ် ဆားချောင်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

နေပြည်တော် ဇူလိုင် ၁၇

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ဆားချောင်းကျေးရွာနှင့် စမ်းဘုတ်ကျေးရွာ ကြားတွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆားချောင်းကျေးရွာကို ဝင်ရောက်မီးရှို့ခဲ့ကြောင်း၊ အဆိုပါမီးရှို့မှုကြောင့် နေအိမ် ၃၀ ခန့် မီးလောင်ပျက်စီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများတွင် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကိုတွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ မင်းလှမြို့နယ် အတွင်း အကြမ်းဖက်သမားများ ခိုအောင်းလှုပ်ရှားမှု မရှိစေရေး လုံခြုံရေး တပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၅ ရက်တွင် မင်းလှမြို့နယ် ဆားချောင်းကျေးရွာ၏ အနောက်ဘက်သို့ ရောက်ရှိစဉ်တွင် PDF အမည်ခံ အကြမ်းဖက်သမား များက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထို့နောက် ဆုတ်ခွာ ထွက်ပြေးသွားသည့် အကြမ်းဖက်သမားများကို လိုက်လံရှင်းလင်းခဲ့ရာ ဆားချောင်းကျေးရွာ၏အရှေ့ဘက် မီတာ ၃၀၀ ခန့်တွင် အကြမ်းဖက်သမားများ ခိုအောင်း နေထိုင်ခဲ့သည့် တောင်ယာတဲတစ်လုံးအား တွေ့ရှိခဲ့ပြီး ယင်းတောင်ယာတဲအတွင်းမှ လက်လုပ်၁၂ဗို့သေနတ်တစ်လက်၊ ၅ ဒသမ ၅၆ ကျည် ငါးတောင့်နှင့် ဆက်စပ်ပစ္စည်း အချို့ကို သိမ်းဆည်းရမိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

ထိုသို့လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နယ်မြေလုံခြုံရေး ဆောင်ရွက်နေမှုများကို ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်များကို အခြေခံ၍ သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားနေခြင်းသာဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ဆားချောင်းကျေးရွာကို မီးရှို့ဖျက်ဆီးခဲ့ခြင်း မရှိကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၁၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

### အသိပေးသတင်းထုတ်ပြန်

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "စိုင်းမင်းနောင် သဒ္ဒါထက်ဖြိုးမောင်မောင်" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျီကုန်းကျေးရွာနေ ရာဇာထွန်း(ခ)ကိုထက်အား မွန်းလွဲ ၃ နာရီခွဲတွင် ပုသိမ်ကြီးမြို့ မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# ရန်ကုန်-မော်လမြိုင် ပြည်ထောင်စုကားလမ်းမပေါ် ကရင်လေးဆိပ်ကျေးရွာအနီးရှိ တံတားအား KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် ဇူလိုင် ၁၇

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်မှုကို လိုလားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့သည် တိုင်းပြည် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရုံးဌာနအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အများပြည်သူသွားလာနေထိုင်အသုံးပြုလျက်ရှိသော နေအိမ်များ၊ လမ်း၊ တံတားများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ ကျေးရွာများအတွင်း Drop Bomb များ ကြဲချတိုက်ခိုက်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့ကြသည်။

ယခုတွင်လည်း KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ယနေ့နံနက်ပိုင်းတွင် ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများအားထားအသုံးပြုလျက်ရှိသည့် မွန်ပြည်နယ် သထုံမြို့နယ် ကရင်လေးဆိပ်ကျေးရွာမြောက်ဘက် မီတာ ၁၀၀ ခန့်အကွာရှိ ရန်ကုန်-မော်လမြိုင် ပြည်ထောင်စုကားလမ်းမကြီးပေါ် မိုင်တိုင်အမှတ်၊ ၁၃၆/၂ နှင့် ၁၃၆/၃ ကြားတွင်ရှိသည့် အရှည် ၁၀ ပေ၊ အကျယ် ပေ ၄၀၊ ခံနိုင်ဝန် တန် ၆၀ ရှိ သံကူကွန်ကရစ် အမျိုးအစားတံတားအမှတ် (၁/၁၃၇) ကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တံတား၏ မြောက်ဘက်ကမ်းကပ်ခုံမှာ ၁၀၀ ရာခိုင်နှုန်း ပြိုကျပျက်စီးခဲ့သည်။

အကြမ်းဖက်သမားများအနေဖြင့် ခရီးသွားပြည်သူများ သွားလာမှုခက်ခဲစေရန်နှင့် အထိတ်တလန့်ဖြစ်ပြီး ကြောက်ရွံ့လာစေရန်၊ ကုန်စည်စီးဆင်းမှုကို ထိခိုက်ဆုံးရှုံးမှုဖြစ်စေပြီး ဒေသအတွင်း တည်ငြိမ်မှုပျက်ပြားစေရန် ရည်ရွယ်၍ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်းတံတားများအား ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းသည် စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် လူနှင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှု အဆင်ပြေစေရန်အတွက် သက်ဆိုင်ရာ လမ်း/တံတား ဦးစီးဌာနမှ တာဝန်ရှိသူများက ယာယီတံတားအား အမြန်ဆုံးဆောင်ရွက်ပေးခဲ့ရာ မော်တော်ယာဉ်များ ပြန်လည်သွားလာနိုင်ပြီဖြစ်ကြောင်းနှင့် ပျက်စီးသွားသည့် တံတားအား အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



မွန်ပြည်နယ် သထုံမြို့နယ် ကရင်လေးဆိပ်ကျေးရွာအနီးရှိ တံတားအား KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့မှ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သည့် ဖြစ်စဉ်ပြပုံ။



KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့တို့မှ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သည့် တံတားအားတွေ့မြင်ရစဉ်။



မွန်ပြည်နယ် သထုံမြို့နယ် ကရင်လေးဆိပ်ကျေးရွာအနီးရှိ တံတားအား မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ရေး ယာယီတံတား ဆောင်ရွက်ပေးထားမှုအား တွေ့မြင်ရစဉ်။

# ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်း သထုံမြို့နယ် သိမ်ဆိပ်နှင့် ဒုံဝန်း ဘူတာအကြား ရထားလမ်းပေါ်တွင် မိုင်းဖောက်ခွဲထားမှုကြောင့် လူစီးရထားလမ်းချော်ကျမှုဖြစ်ပွားပြီး ရထားများကြန့်ကြာမှုဖြစ်

နေပြည်တော် ဇူလိုင် ၁၇

ယနေ့ မော်လမြိုင်မှထွက်ခွာလာသည့် အမှတ်(၈၂)အစုန် မော်လမြိုင်-ရန်ကုန် လူစီးအမြန်ရထားသည် မွန်ပြည်နယ် သထုံမြို့နယ် သိမ်ဆိပ်ဘူတာနှင့် ဒုံဝန်းဘူတာအကြား မိုင်တိုင်အမှတ် ၁၂၃/၁၇-၁၅ သို့ နံနက် ၁၁ နာရီ ၁၀ မိနစ်အချိန် ရထားရောက်ရှိဖြတ်သန်းစဉ် အဆိုပါနေရာ၌ ရထားလမ်း မိုင်းပေါက်ကွဲထားခြင်းကြောင့် သံလမ်းတစ်ပေခွဲခန့် ပြတ်တောက်နေသဖြင့် စက်ခေါင်းနှင့်အတူ ရထားတွဲဆိုင်းတွင် ပါရှိသော လူစီးတွဲနှစ်တွဲ လမ်းချော်ကျမှုဖြစ်ပွားခဲ့သည်။ ရထားလမ်းချော်ကျမှုကြောင့် ခရီးသည်နှင့် ဝန်ထမ်းထိခိုက်မှုမရှိဘဲ သိမ်ဆိပ်-ဒုံဝန်း လမ်းပိုင်းအား နံနက် ၁၁ နာရီ ၁၃ မိနစ်တွင် ယာယီပိတ်ထားခဲ့ရသည်။





ပဲခူး-မော်လမြိုင်လမ်းပိုင်း သိမ်ဆိပ်ဘူတာနှင့် ဒုံဝန်းဘူတာအကြား အမှတ်(၈၂)အစုန် လူစီးအမြန်ရထား လမ်းချော်ကျမှုအခြေအနေ။

လမ်းပိုင်း ပိတ်ဆို့မှုကြောင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မှ ပုံမှန်ထွက်ခွာလာသော အမှတ်(၈၁)အဆန် လူစီးရထားသည် နံနက် ၁၁ နာရီ ၄၄ မိနစ် အချိန်တွင် ကျိုက်ထိုသို့ ရောက်ရှိနေပြီး အဆိုပါရထားတွင် ရိုးရိုးတန်းခရီးသည်၄၆၀နှင့် အထက်တန်း ခရီးသည် ၂၃၅ ဦး စုစုပေါင်း ၆၉၅ ဦး ပါရှိကြောင်း သိရသည်။

လမ်းချော်ကျသည့် မော်လမြိုင်မှထွက်ခွာလာသော အမှတ်(၈၂) အစုန် လူစီးအမြန်ရထားပေါ်တွင် လိုက်ပါလာသည့် ရိုးရိုးတန်းခရီးသည်၃၁၃ ဦးနှင့် အထက်တန်းခရီးသည် ၁၄၆ ဦး စုစုပေါင်း ၄၅၉ ဦးအား ဆက်လက်ထွက်ခွာနိုင်ရေးအတွက် ကျိုက်ထိုတွင် ရောက်ရှိနေသော အမှတ်(၈၁)အဆန် လူစီးအမြန်ရထားသည် ရထားလမ်းချော်ကျသည့် နေရာသို့ ရောက်ရှိပြီး ညနေ ၄ နာရီခွဲတွင် ခရီးသည်များအား ရထားကူးပြောင်းပြီးစီး၍ ညနေ ၅ နာရီခွဲတွင် အမှတ်(၈၂) အစုန် လူစီးအမြန်ရထားအဖြစ် ရန်ကုန်မြို့သို့ ဆက်လက်ပို့ဆောင်ပေးနိုင်ခဲ့သည်။

အမှတ်(၈၁)အဆန်လူစီးအမြန်ရထားမှ ခရီးသည်များ ဆက်လက်ထွက်ခွာနိုင်ရေးအတွက် လမ်းချော်ကျသော အမှတ်(၈၂) အစုန်တွဲဆိုင်း၏ လမ်းချော်မကျသော တွဲများဖြင့် ခရီးသည်များအား ကူးပြောင်းပြီး ညနေ ၅ နာရီ ၁၅ မိနစ်တွင် သထုံဘူတာဘက်သို့ဆက်လက်ထွက်ခွာပေးနိုင်ခဲ့သည်။ အဆိုပါခရီးသည်များ အဆင်ပြေစွာဆက်လက်ပို့ဆောင် ပေးနိုင်ရေးအတွက် မော်လမြိုင်တွင်ရှိသော စက်ခေါင်းနှင့် အရန်တွဲဆိုင်းဖြင့် သထုံဘူတာမှ စောင့်ကြိုပြီး အမှတ်(၈၁)အဆန် ရထားအဖြစ် မော်လမြိုင်သို့ ဆက်လက် ပို့ဆောင်ပေးခဲ့သည်။

မိုင်းဖောက်ခွဲ ဖျက်ဆီးခံရမှုကြောင့် ရထားလမ်းချော်ကျမှု ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့် တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးခြင်း၊ မြန်မာ့မီးရထား ဝန်ထမ်းများကလည်း လမ်းချော်ကျသော ရထားစက်ခေါင်းနှင့် လူစီးတွဲနှစ်တွဲအား မတင်၍ လမ်းပိုင်းအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။



ပဲခူး-မော်လမြိုင်လမ်းပိုင်း သိမ်ဆိပ်ဘူတာနှင့် ဒုံဝန်းဘူတာအကြား ရထားလမ်းချော်ကျသည့် အမှတ်(၈၂)အစုန် ရထားပေါ်မှ ခရီးသည်များ ရထားကူးပြောင်းနေစဉ်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဖုံးထောင်မိုင်းခွဲ/ဖျက်ဆီးခြင်း ၂၀၆ ကြိမ်၊ ရထားတံတား/သံလမ်းများအား မိုင်းခွဲဖျက်ဆီးခြင်း ၁၆၆ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၄၂ ကြိမ် ကျူးလွန်ခဲ့ကြသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့ မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့်အခြေခံ အဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေး စနစ် အဆင့်မြှင့်တင်ရေးစီမံကိန်း လုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက်အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင် ရထားစက်ခေါင်းနှင့်တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွား ပြည်သူများအနေဖြင့် ရထားဖြင့်ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ် ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာသွားလာနိုင်မှုမရှိစေရေး ရည်ရွယ်ပြီး ယခုကဲ့သို့ ယုတ်မာပက်စက်စွာဖြင့် အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်းအပေါ် ဒေသခံများနှင့် ပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ဆန့်ကျင် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




## နည်းပြ ဆောက်ဂိတ် အင်္ဂလန်လက်ရွေးစင်အသင်းနည်းပြ ရာထူးမှ နုတ်ထွက်



**လန်ဒန် ဇူလိုင် ၁၇**

နည်းပြ ဆောက်ဂိတ်သည် အင်္ဂလန်လက်ရွေးစင်အသင်းနည်းပြ ရာထူးမှ နုတ်ထွက်သွားခဲ့ပြီဖြစ်သည်။

အဆိုပါနည်းပြသည် အင်္ဂလန်လက်ရွေးစင်အသင်း ယူရို ၂၀၂၄ ဥရောပဖလားဘောလုံး ပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့်ထိ ရောက်ရှိအောင် ပို့ဆောင်နိုင်ခဲ့သော်လည်း ဖလား ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်း မရှိသောကြောင့် အသင်းနည်းပြ ရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဆောက်ဂိတ်သည် အင်္ဂလန်လက်ရွေးစင်အသင်းအား ၂၀၁၆ခုနှစ် စက်တင်ဘာလက စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၀၂ပွဲတွင် ၆၁ပွဲနိုင်၊ ၂၄ပွဲသရေ၊ ၁၇ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ထို့ကြောင့် အင်္ဂလန်လက်ရွေးစင်အသင်းအနေဖြင့် နည်းပြဆောက်ဂိတ်နည်းပြရာထူးမှ နုတ်ထွက်ခဲ့ခြင်းကြောင့် အသင်းနည်းပြသစ်အဖြစ် မည်သည့်နည်းပြအား ခန့်အပ်သွားမည်လဲဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

(ယာပုံ)

(NGB)

## ဆီမာကန်အား ခေါ်ယူရန် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် လီဗာပူးအသင်းတို့ အပြိုင်စိတ်ဝင်စား



**လန်ဒန် ဇူလိုင် ၁၇**

အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် လီဗာပူးအသင်းတို့သည် လိုက်ပဇစ်အသင်း နောက်ခံကစားသမား ဆီမာကန်အား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက် (၂၄)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လိုက်ပဇစ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၀ပွဲကစားကာ ခုနစ်ဂိုးထိ သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် လီဗာပူးအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

လိုက်ပဇစ်အသင်းကလည်း ဆီမာကန်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် လီဗာပူးအသင်းတို့အနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် လိုက်ပဇစ်အသင်းထံမှ ဆီမာကန်အား ရရှိအောင် မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ဝဲပုံ) (NGB)

## ယာမဲလ်၏ သွင်းဂိုး ယူရို ၂၀၂၄ ဘောလုံးပြိုင်ပွဲ အကောင်းဆုံးသွင်းဂိုးအဖြစ် ရွေးချယ်ခြင်းခံရ

**လန်ဒန် ဇူလိုင် ၁၇**

စပိန်လက်ရွေးစင်အသင်း တောင်ပံကစားသမား ယာမဲလ်၏ သွင်းဂိုးသည် ယူရို ၂၀၂၄ ဥရောပဖလားဘောလုံးပြိုင်ပွဲ အကောင်းဆုံး သွင်းဂိုးအဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။

အဆိုပါ တောင်ပံကစားသမားသည် ယူရို ၂၀၂၄ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် စပိန်အသင်းက ပြင်သစ်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် ဂိုးဧရိယာအပြင်မှ အပြင်းကန်သွင်းယူခဲ့သည့် သွင်းဂိုးက အကောင်းဆုံးသွင်းဂိုးအဖြစ် ရွေးချယ်ခြင်းခံခဲ့ရခြင်းဖြစ်သည်။

တောင်ပံကစားသမား ယာမဲလ်သည် စပိန်လက်ရွေးစင်အသင်းအား ယူရို ၂၀၂၄ ဥရောပဖလား ချန်ပီယံဆု ဆွတ်ခူးရရှိအောင်လည်း အကောင်းဆုံး ပံ့ပိုးကူညီနိုင်ခဲ့သည်။

အသက်(၁၇)နှစ်အရွယ်ရှိ ယာမဲလ်က "အခုလို ကျွန်တော်ရဲ့ သွင်းဂိုးက အကောင်းဆုံးသွင်းဂိုးအဖြင့် ရွေးချယ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း အောင်မြင်မှုတွေ ဆက်လက်ရယူနိုင်ဖို့ ကြိုးစားသွားဦးမှာပါ" ဟု ပြောသည်။

(အောက်ပုံ)

(NGB)



## တိုမီနေးအားခေါ်ယူရန် ဂါလာတာစာရေးအသင်း ဆွေးနွေး



**မန်ချက်စတာ ဇူလိုင် ၁၇**

ဂါလာတာစာရေးအသင်းသည် မန်ချက်စတာယူနိုက်တက်အသင်း ကွင်းလယ်တိုက်စစ်ကစားသမား တိုမီနေးအား ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၁၆-၂၀၁၇မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၅၂ပွဲကစားပြီး ၂၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂါလာတာစာရေးအသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်းဖြစ်သည်။

ဂါလာတာစာရေးအသင်းသည် တိုမီနေးအား ခေါ်ယူရန်အတွက် မန်ချက်စတာယူနိုက်တက်အသင်းနှင့် ဆွေးနွေးနေပြီး သဘောတူညီမှု ရရှိတော့မည်ဖြစ်ကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဂါလာတာစာရေးအသင်းနှင့် လက်ရှိဈေးကွက်အတွင်းတွင် မန်ချက်စတာယူနိုက်တက်အသင်းထံမှ တိုမီနေးအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

(ယာပုံ) (NGB)

### ဘောလုံးသတင်းအတိုအထွာများ

* မာဆေးလ်အသင်းသည် မန်ချက်စတာယူနိုက်တက်အသင်း တိုက်စစ်မှူး ဂရင်းဝုဒ်အား ခေါ်ယူရန် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှု ရရှိခဲ့ပြီဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* အက်သလက်တီကို မက်ဒရစ်အသင်းတိုက်စစ်မှူး မိုရာတာ အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

(NGB)

## ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားမည်ဟု ဘာပေပြောကြား

**မက်ဒရစ် ဇူလိုင် ၁၇**

တိုက်စစ်မှူး ဘာပေက မိမိအနေဖြင့် လာမည့် ဘောလုံးရာသီအသစ်တွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ရီးရဲလ်မက်ဒရစ်အသင်းတွင် ကျောနံပါတ်(၉)ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်ပြီး၊ ၎င်း၏ မိတ်ဆက်ပွဲအခမ်းအနားကိုလည်း ယမန်နေ့က ကျင်းပပြုလုပ်ခဲ့သည်။



တိုက်စစ်မှူး ဘာပေသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၀၈ပွဲကစားပြီး ၂၅၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဘာပေက "ရီးရဲလ်မက်ဒရစ်အသင်းက ကြီးကျယ်ခမ်းနားဆုံး အသင်းတစ်သင်းပါ။ ကျွန်တော့်ကို နွေးထွေးစွာကြိုဆိုတဲ့ အသင်းပရိသတ်တွေနဲ့ တာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသိမ်းပိုက်သွားမှာပါ" ဟု ပြောသည်။

(ဝဲပုံ)

(NGB)

## 2024 Atlanta Open တင်းနစ်ပြိုင်ပွဲ ဇူလိုင် ၂၂ရက်တွင် စတင်မည်

**ဝါရှင်တန် ဇူလိုင် ၁၇**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Atlanta Open တင်းနစ်ပြိုင်ပွဲ လာမည့် ဇူလိုင် ၂၂ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2024 Atlanta Open တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၂၂ရက်မှ ၂၈ရက်အထိ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2024 Atlanta Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Atlanta Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ အမေရိကန်တင်းနစ်ကစားသမား Taylor Fritz ဖြစ်သည်။ (အောက်ပုံ)

(NGB)



## အာရူဂျို တံကောက်ကြောဒဏ်ရာကြောင့် လေးလခန့် အနားယူရမည်



**ဘာစီလိုနာ ဇူလိုင် ၁၇**

ဘာစီလိုနာအသင်းနှင့် ဥရုဂွေးအသင်း နောက်ခံကစားသမား အာရူဂျို တံကောက်ကြောဒဏ်ရာကြောင့် လေးလခန့် အနားယူရမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် ဥရုဂွေးလက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၄ ကိုပါအမေရိကဖလား ဘောလုံးပြိုင်ပွဲတွင် ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကာ ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်သောကြောင့် လေးလခန့်အထိ အနားယူရမည်ဖြစ်သည်။

နောက်ခံကစားသမား အာရူဂျို ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ရခြင်းကြောင့် ဥရုဂွေးလက်ရွေးစင်အသင်းအတွက်သာမက ကလပ်အသင်းဖြစ်သည့် ဘာစီလိုနာအသင်းအတွက်လည်း ထိုးနက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမား အာရူဂျိုသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၀ပွဲကစားပြီး ရှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(အပေါ်ဝဲပုံ) (NGB)

### အာဆီယံ(ယူ-၁၉)ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (အုပ်စု-ခ)ပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၈-၇-၂၀၂၄ ကြာသပတေးနေ့ | မွန်းလွဲ ၂း၃၀နာရီ | လာအို - ဩစတြေးလျ |
| ။ | ည၇း၀၀နာရီ | ဗီယက်နမ် - မြန်မာ |

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲနှင့် စက်ချုပ်သင်တန်း ဖွင့်ပွဲ ကျင်းပ

**တောင်ကြီး ဇူလိုင် ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ ပန့်ပုံးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီခွဲက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့်ကျေးလက်နေ မိသားစု ဝင်ငွေတိုးရေးစီမံကိန်း အစီအစဉ်ဖြင့် ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်း များ ပေးအပ်ပွဲနှင့် စက်ချုပ်သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပခဲ့သည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်က အဖွင့်အမှာ စကားပြောကြားရာမှာ "ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနဟာ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ မြင့်မားလာစေရေးနှင့် ဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှစတင်ပြီး အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ရှမ်းပြည်နယ်အစိုးအရအဖွဲ့ရဲ့ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၂၀ ဖြင့် ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ ကျေးရွာ ၃၂ ရွာတို့မှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၃၉၅ ဦးနဲ့ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရာမှာ ဒေသအလိုက်အနေဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း ၁၂ ခု၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခု၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်ခု၊ တာချီလိတ်ခရိုင် ငါးခု၊ ရှမ်းပြည်နယ်မြောက်ပိုင်း ရှစ်ခု၊ စုစုပေါင်း ၃၂ ခုအား အကောင်ထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၂၀ အနက်မှ ငွေကျပ်သန်း ၁၆၀ အား စီမံကိန်းဒေသများမှ တောင်းဆိုသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်းအတွက် ဆောင်ရွက်ပါတယ်။ ကျန်ရှိတဲ့ ငွေကျပ်သန်း ၁၆၀ ကို လုပ်ငန်းထူထောင်မည့် သင်တန်းသား တစ်ဦးကို ငွေကျပ် ၁၀ သိန်းနှင့် ညီမျှတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်နိုင်ရေး ဆောင်ရွက်နိုင်ခဲ့ပြီး အသေးစားလုပ်ငန်းရှင်ပေါင်း ၁၄၀ ဦး ပေါ်ထွက်ခဲ့ပါကြောင်း ထည့်သွင်းပြောကြားသည်။ ထို့နောက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက စက်ချုပ်သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး ဆီကြိတ်စက်များအား ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။ **(၃၆၈)**





# စက်ချုပ်သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ပုဗ္ဗသီရိ ဇူလိုင် ၁၇**

ပုဗ္ဗသီရိမြို့နယ်၊ ရွာတော်ကျေးရွာအုပ်စု၊ ကြံဖိုစုကျေးရွာ ဓမ္မာရုံတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေတိုးပွားရေးကို အဓိကဦးတည်၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးအတွက် စက်ချုပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်စီမံကိန်းလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမင်းဦး၊ နေပြည်တော် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ သင်တန်းနည်းပြများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ စီမံကိန်းလုပ်ငန်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီအဖွဲ့ဝင်က အဖွင့်အမှာစကားပြောကြားရာတွင် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ကျေးလက်နေပြည်သူများ ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ပြီး တစ်ပိုင်တစ်နိုင် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပေါ်ထွက်လာပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းငယ်မှသည် အလတ်စား၊ အကြီးစားစက်မှုလက်မှုလုပ်ငန်းများအထိ တက်လှမ်းနိုင်စေရန်အတွက် သင်တန်းတက်ရောက်သူများအနေဖြင့် စနစ်တကျ လေ့လာသင်ယူကြရန် တိုက်တွန်းမှာကြားခဲ့ပြီး နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးက စီမံကိန်း ကော်မတီဝင်များအား စီမံကိန်းဝတ်စုံများ ပေးအပ်ခဲ့သည်။ စက်ချုပ်သင်တန်းတွင် ဘာသာရပ် ၁၃ မျိုးကို ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၁၅ ရက်အထိ တစ်လကြာ နည်းပြများမှ ကျွမ်းကျင်စွာ လက်တွေ့အသုံးချနိုင်သည်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်သည်။

ထို့အပြင် သင်တန်းတွင် ထူးချွန်ပြီး အမှန်တကယ် လုပ်ငန်း ပြန်လည်လုပ်ကိုင်မည့်သူ ငါးဦးကို ရွေးချယ်ပြီး အပ်ချုပ်ဆိုင်ဖွင့်နိုင်သည်အထိ တစ်ဦးလျှင် ငွေကျပ် ၁၄ သိန်းနှုန်းနှင့် ညီမျှသည့် အပ်ချုပ်စက်၊ ဘီတင်စက်၊ ခါးစက်၊ ထုပ်သီးရိုက်စက်တို့ကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# ရွာသစ်တောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ရွာသစ်တောင်ကျေးရွာ၌ အဋ္ဌမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များ ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းအကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့်အတူ ရွာသစ်တောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၉ ဦးကို ငွေကျပ် ၃၅ ဒသမ ၆၇ သန်း ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၆ ဦးကို ငွေကျပ် ၁၃ ဒသမ ၆၃ သန်း ၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၄ ဒသမ ၂ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၈ ဦးကို ငွေကျပ် ၅၃ ဒသမ ၅ သန်းအား စနစ်တကျ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **(၄၅၆)**

# မြစ်ရေဝင်ရောက်သောကျေးရွာများအား ဖြည့်စွက်စာ ထောက်ပံ့ပေးအပ်

**မန္တလေး ဇူလိုင် ၁၇**

အမရပူရမြို့နယ်အတွင်း ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ် မြစ်ရေဝင်ရောက်သော ကျေးရွာများကို ဖြည့်စွက်စာထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ဇူလိုင် ၁၆ ရက် ညနေ ၄ နာရီက အမရပူရခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရေဝင်ကျေးရွာများမှ ကျွဲ၊ နွားမွေးမြူသူ တောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ရေဝင်ကျေးရွာ ၁၉ ရွာရှိ ကျွဲ၊ နွား ၁၃၇၀ ကောင်အတွက် ဖြည့်စွက်စာ တစ်ကောင်လျှင် တစ်ပိဿာနှုန်းဖြင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ကြရာ ကျွဲ၊ နွား မွေးမြူသူ တောင်သူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)(မန္တလေးနေ့စဉ်-၃)**



# နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးမြေပဲ စိုက်ပျိုးသွားမည်

**မိတ္ထီလာ ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်၌ မိုးမြေပဲ စိုက်ဧက ၁၉၁၅ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ဧက ၅၀၀ စိုက်ပျိုးသွားမည်ဖြစ်သည်။

စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်တွင်းစားသုံးဆီဖူလုံပြီး စားအုန်းဆီတင်သွင်းမှုလျှော့ချနိုင်ရေး ဆီထွက်သီးနှံဖြစ်သည့် နှမ်း၊ မြေပဲနှင့် နေကြာတို့ကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ပံ့ပိုးကူညီလျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်လျက်ရှိရာ မိတ္ထီလာမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများက ဆီထွက်သီးနှံများဖြစ်သည့် နေကြာနှင့် မြေပဲသီးနှံများကို မိုးဦးနှင့် မိုးနှောင်းရာသီ (ဆောင်းရာသီ) တို့တွင် စိုက်ပျိုးလျက်ရှိကြပြီး နှမ်းသီးနှံကို နွေရာသီ၊ မိုးဦးနှင့် မိုးနှောင်း(ဆောင်းရာသီ) တို့တွင် စိုက်ပျိုးကြသည်။ ထိုသို့ စိုက်ပျိုးလျက်ရှိရာမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၌ ဆီထွက်သီးနှံများဖြစ်သည့် နှမ်း၊ မြေပဲနှင့် နေကြာတို့အနက် မြို့နယ်အတွင်း၌ မြေပဲစိုက်ဧက ၁၉၁၅ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားခဲ့သည်။

အဆိုပါ မိုးမြေပဲ သတ်မှတ်လျာထားစိုက်ဧက ၁၉၁၅ အနက် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် မြို့နယ်အတွင်း၌ မြေပဲသီးနှံကို ဇရပ်ကုန်း၊ သံဘို၊ အုံတုံ၊ ရေဝေ၊ ရှမ်းမငယ်၊ မယ်ဇလီကုန်း၊ မုန်တိုင်၊ အိုင်ကြီးလည်၊ ဆည်အောင်၊ မွေ၊ ကြွယ်ကန်၊ ကန်တောင်၊ အင်း၊ အရာတော်၊ ရေချို၊ လိန်တော၊ ညောင်ဇောက်၊ လျှော်ဖြူကန်၊ ကွက်ငယ်ကျေးရွာအုပ်စုများရှိ ကွင်း ၅၅ ကွင်းမှ တောင်သူ ၃၅၀ ဦးက စိုက်ဧက ၅၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၄၆၉)**

အသက်သည် သွေး ၊
သွေးသည် အသက် ။

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပ

**တောင်ကြီး ဇူလိုင် ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ ရှမ်းပြည်နယ် လေ့ကျင့်ရေး အားကစားကွင်း၌ ယမန်နေ့နံနက် ၈ နာရီက ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဖလားမြို့နယ်အလိုက် အသက် (၁၈)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပရသည့် ရည်ရွယ်ချက်ကတော့ ပြေးခုန်ပစ်အားကစားနည်းကို ပြည်သူလူထုမှ ပြန်လည်စိတ်ဝင်စားလာစေရေး၊ လူငယ်မျိုးဆက်သစ်များအား မွေးထုတ်ပေးနိုင်ရေး၊ လူငယ်လူရွယ်အချင်းချင်း ချစ်ခင်စည်းလုံးညီညွတ်မှုရရှိကာ ကျန်းမာပြီး ကြံ့ခိုင်သော လူငယ်များအဖြစ် ရှမ်းပြည်နယ်၏ အားကစားကဏ္ဍ တိုးတက်လာစေပြီး မျိုးဆက်သစ် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေလိုတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ပြေးခုန်ပစ်အားကစားနည်းဆိုရင် အိုလံပစ်ပြိုင်ပွဲနှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများမှာ မပါမဖြစ် ထည့်သွင်းကျင်းပရသည့် အားကစားနည်းတစ်ခုလည်း ဖြစ်ပါတယ်။ အရှေ့တောင်အာရှနှင့် အာရှအားကစားပြိုင်ပွဲတွေမှာ မြန်မာ့ပြေးခုန်ပစ်အသင်းဟာ အချိန်အတော်ကြာ လွှမ်းမိုးနိုင်ခဲ့ပြီး SEA GAMES နှင့် SEAP GAMES ရွှေတံဆိပ် မဆွတ်ခူးနိုင်သည့်နှစ် မရှိသလောက် အောင်မြင်ခဲ့ပါကြောင်း ထည့်သွင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးရာတွင် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များမှ ပြေးခုန်ပစ်ပြိုင်ပွဲဝင် အသင်း ၂၈ သင်းမှ ဇူလိုင် ၁၈ ရက်အထိ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်း၊ အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူးနှင့် ပြည်နယ်ဘောလုံးဆပ်ကော်မတီဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)(၃၆၈)**





## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအစည်းအဝေး ကျင်းပ

**ဇေယျာသီရိ ဇူလိုင် ၁၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဥတ္တရခရိုင်၊ ဇေယျာသီရိမြို့နယ်တွင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးဇေထက်အောင်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ယင်းနောက် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းမာက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာနှင့် ဇေယျာသီရိမြို့နယ်အတွင်း ကလေးသူငယ် အခွင့်အရေးနှင့်ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများအား ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသည့် ကော်မတီဝင်များက ကလေးသူငယ်အခွင့် အရေးများဆိုင်ရာ အထွေထွေ အကြံပြုချက်များ ဆွေးနွေးတင်ပြခဲ့ရာ မြို့နယ်ကလေးသူငယ်အခွင့် အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌက ကလေးသူငယ်များ ရပိုင်ခွင့်နှင့် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ အသိပညာပေးလုပ်ငန်းများ မြို့နယ်အတွင်း ဆောင်ရွက်ရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)မြို့နယ်(ပြန်/ဆက်)**

## ကျန်းမာရေး အသိပညာပေး နံရံကပ်စာစောင် ပြသ

**နတ်မောက် ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့ မြေစိုက်နံရံကပ်ဘုတ်၌ ကျန်းမာရေးအသိပညာပေး နံရံကပ်စာစောင်များကို ယမန်နေ့နံနက် ၉ နာရီတွင် ပြသခဲ့ရာ မိုးရာသီ၌ ဖြစ်ပွားတတ်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါ အထူးသတိပြုပါ၊ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ကူးစက်နိုင်သည့် နည်းလမ်းများ၊ ပြင်းထန်ဝမ်းပျက် ဝမ်းလျှောရောဂါမဖြစ်ပွားစေရန် ကာကွယ်ရေးနည်းလမ်းများ၊ ရောဂါလက္ခဏာများ ဖြစ်ပွားပါက ကုသမှုနည်းလမ်းများနှင့် ဝမ်းရောဂါအတွက် ဓာတ်ဆားရည် ပြုလုပ်နည်းများစသည့် အသိပညာပေးအကြောင်းအရာများနှင့် ခြင်ကြောင့်ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါအကြောင်း အသိပညာပေးစာစောင်များကို ပြသထားရာ ကျောင်းသား၊ ကျောင်းသူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုလျက်ရှိကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

## ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားရေးစီမံကိန်းဖြင့် လုပ်ငန်းလေးခု အကောင်အထည်ဖော် ဆောင်ရွက်

**မင်းဘူး ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဒေသတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးပွားရေးစီမံကိန်းဖြင့် မင်းဘူးခရိုင်အတွင်း၌ လုပ်ငန်းလေးခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါ ဦးစီးဌာနမှ သိရသည်။

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက မကွေးတိုင်းဒေသကြီးအတွင်း၌ ကျေးလက်နေပြည်သူများအတွက် ခေတ်မီစံပြကျေးရွာ ဖော်ဆောင်၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးပွားရေးစီမံကိန်းဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းလုပ်ငန်း ၁၆ ခုအနက်မှ မင်းဘူးခရိုင်က စီမံကိန်းလုပ်ငန်း လေးခုပါဝင်ကြောင်း၊ အဆိုပါစီမံကိန်းများမှာ မင်းဘူး(စကု)မြို့နယ် တောင်မန်းစံပြကျေးရွာ၌ အခြေခံ Bakery & Snack သင်တန်း၊ ထိန်တောကျေးရွာနှင့် ကမ်းနီကျေးရွာတို့၌ အခြေခံစက်ချုပ်သင်တန်းနှင့် ပွင့်ဖြူမြို့နယ်၊ စံပြကျေးရွာ၌ အခြေခံ Bakery & Snack သင်တန်းများကို စတင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေဖြစ်ကြောင်း မင်းဘူးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်စိုးစိုးစံက ပြောသည်။



ထိုသို့ ဖော်ဆောင်ရာတွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးပွားရေး စီမံကိန်းဖြင့် အခြေခံ Bakery & Snack သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက မင်းဘူးခရိုင်၊ မင်းဘူး (စကု)မြို့နယ်ရှိ တောင်မန်းစံပြကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မင်းဘူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ဒေသခံပြည်သူများနှင့် သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း၊ အဆိုပါ Bakery & Snack သင်တန်းကို ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ တောင်းမန်းစံပြကျေးရွာနှင့် ရိုးကြီးကျေးရွာတို့မှ သင်တန်းသူ ၁၅ ဦးဖြင့် ရက်သတ္တတစ်ပတ်ကြာ စာတွေ့၊ လက်တွေ့ ဘာသာရပ်သင်ခန်းစာများဖြင့် စနစ်တကျ အခမဲ့ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းများ တက်ရောက်ပြီးစီးပါက သင်တန်းတစ်ခုတွင် လုပ်ငန်းထူထောင်မည့်သူ ငါးဦးအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စိစစ်ရွေးချယ်ပြီး စီမံကိန်းတစ်ခုတွင် လုပ်ငန်းရှင် ငါးဦးနှုန်းဖြင့် မင်းဘူးခရိုင်မှ လုပ်ငန်းရှင် ၂၀ ဦး ပေါ်ထွက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းအလိုက် ရွေးချယ်ထားသူများကို ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်ရန်အတွက် တစ်ဦးလျှင် ငွေကျပ် ၁၄ သိန်းနှင့်ညီမျှသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး စက်ပစ္စည်းများကို ရာသက်ပန်သုံးစွဲခွင့်ပြု၍ အသေးစားလုပ်ငန်းရှင်များဖြစ်အောင် လုပ်ငန်းမှတ်ပုံတင်များ ပြုလုပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မင်းဘူးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။

(ဝဲပုံ)(၅၀၀)



## အင်းလေးကန် ရေဝေရေလဲဧရိယာအတွင်း သစ်စေ့မြေလုံး (Seed Balls)များ ကြဲချစိုက်ပျိုးပေး

**ညောင်ရွှေ ဇူလိုင် ၁၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)တို့ ပူးပေါင်းစီစဉ်မှုဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးအနောက် ကြိုးပြင်ကာကွယ်တောအတွင်းရှိ အင်းလေးကန် ရေဝေရေလဲဧရိယာများ၌ ကွက်လပ်ဖြစ်နေသည့် တောနိမ့်တောပါးတောင်ကတုံးများပေါ်သို့ ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများ ကြဲချခြင်းကို ဇူလိုင် ၁၅ ရက်တွင် ဆောင်ရွက်ခဲ့ကြောင်း ကလောမြို့နယ်သစ်တောဦးစီးဌာနက သိရသည်။

ကလောခရိုင်၊ ညောင်ရွှေမြို့နယ်အတွင်း အင်းလေးကန် ရေဝေရေလဲဧရိယာဖြစ်သည့် အင်လေးအနောက် ကြိုးပြင်ကာကွယ်တောအတွင်းရှိ တောင်ကုန်းတောင်တန်းများတွင် နေရာနှစ်နေရာ ရွေးချယ်သတ်မှတ်၍ သတ်မှတ်တည်နေရာ Point (A)အား အင်ကြင်းကုန်းကျေးရွာအနီးရှိ အင်းလေးအနောက် ကြိုးပြင်ကာကွယ်တောအတွင်း ဧရိယာ ၅၇၂ ဧကတွင်လည်းကောင်း၊ သတ်မှတ်တည်နေရာ Point(B) အား ထီးလှိုင်ကျေးရွာအနီးရှိ အင်းလေးအနောက် ကြိုးပြင်ကာကွယ်တောအတွင်း ဧရိယာ ၂၆၂ဧက၌လည်းကောင်း၊ စုစုပေါင်းဧရိယာ ၈၃၄ ဧကပေါ်သို့ သစ်စေ့မြေလုံးစုစုပေါင်း အလုံးရေနှစ်သိန်း ကြဲချစိုက်ပျိုးပေးခဲ့သည်။ (အပေါ်ပုံ)

သစ်စေ့မြေလုံးတစ်လုံးတွင် သစ်စေ့အရွယ်အစားပေါ်မူတည်၍ သစ်စေ့နှစ်စေ့မှ ငါးစေ့ထိပါဝင်ကြောင်း၊ သစ်မျိုးရွေးချယ်ရာ၌ အပင်ပေါက်ရောက်မှုနှုန်းကောင်းမွန်ပြီး ဒေသနှင့်ကိုက်ညီသည့် မယ်ဇလီ၊ ကုလားကုက္ကိုလ်၊ ဘောစကိုင်း၊ မန်ကျည်းရှား၊ အော်ရီရှားဟူသည့် သစ်မျိုးငါးမျိုးကို ကြဲချစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

## ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိ

**စဉ့်ကိုင် ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် "လူမှုဘဝဖူလုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့" ဟူသည့် ဆောင်ပုဒ်နှင့်အညီ ပန်းခင်းစီမံချက်(၃)ဖြင့် ပလိပ်ကျေးရွာအုပ်စုအတွင်းရှိ လုပ်သားပြည်သူများအား နိုင်ငံရေးစိစစ်ရေးကတ်များ၊ ဆောင်ရွက်ပေးခြင်းကို ယမန်နေ့နံနက်ပိုင်းမှစတင်၍ မြို့နယ်လဝကဦးစီးမှူးရုံး၌ ပြုလုပ်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဉာဏ်စိုးနှင့် ဝန်ထမ်းများက ပလိပ်ကျေးရွာအတွင်း နေထိုင်လျက်ရှိသည့် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကိုင်ဆောင်ခြင်းဖြင့် ရရှိနိုင်သည့် အခွင့် အလမ်းအကျိုးကျေးဇူးများနှင့် မပျောက်ပျက်အောင် ထိန်းသိမ်းရမည့်နည်းလမ်းများကို အသိပညာပေးရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျေးရွာအတွင်းရှိအိမ်ထောင်စု လူဦးရေစာရင်းများနှင့် နိုင်ငံရေးစိစစ်ရေးကတ်များမရှိသည့် လုပ်သားပြည်သူ ၁၇၅ ဦးအား ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆက်လက်၍ ကျန်ရှိသည့်သူများကိုလည်း ဇူလိုင် ၃၁ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်လဝကဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(အောက်ပုံ)

**ကျော်စွာ(စဉ့်ကိုင်)**

၀-၀-၀-၀-၀





## ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

**ဆင်ပေါင်ဝဲ ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ရေဘေးသင့်ပြည်သူများအား ယမန်နေ့ မွန်းလွဲ ၂နာရီက ရေဘေးရှောင်စခန်းအသီးသီး၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီ လမ်းညွှန်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးကုသမှုများ ပြုလုပ်ပေးခြင်း၊ ဆေးဝါးများ ထောက်ပံ့ပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## ရောဝတီမြစ်ရေကျဆင်း၍ ကောက်ကြီးစပါး စိုက်ပျိုးနိုင်ရေး တောင်သူကြီးများ လုပ်ငန်းဝင်

**ကသာ ဇူလိုင် ၁၇**

ကသာမြို့နယ်တွင် မြေနိမ့်ပိုင်းဒေသရှိ လယ်ကွက်များပေါ်တွင် သက်ကြီးကောက်ကြီးစပါးစိုက်ပျိုးနိုင်ရေး တောင်သူဦးကြီးများ လယ်လုပ်ငန်းဝင်လာကြသည်။

ကသာမြို့နယ်တွင် ကျွဲ၊ နွားဖြင့် စပါးထွက်နှုန်းကောင်းမွန်ရေး သမာန်ရအောင်ထွန်ယက်စိုက်ပျိုးကြသူရှားပါးလာ၍ စက်သုံးဆီကို အားကိုးကာ လယ်ယာသုံးထွန်စက်များဖြင့် အသုံးပြုသူ များပြားလာလျက်ရှိသည် ။

ယခင်က လယ်ထဲအခင်းထဲ ကျွဲ၊ နွားတွေကို မြက်၊ ကောက်ရိုးများကျွေးမွေးကာ ကျွဲ၊ နွားချေးများကို လယ်ယာမြေပေါ် မြေသြဇာအဖြစ်ထည့်သွင်း အသုံးခဲ့ကြလို့ ပုံမှန်ထွက်နှုန်းအသင့်တင့်ကောင်းလှတယ်။ ကျွဲ၊ နွားထိန်းကျောင်းရခြင်း သက်သာအောင် လယ်ယာသုံးစက်ယန္တရားတွေဝယ်ယူသုံးစွဲလိုက်တော့ လုပ်ငန်းတွင်းကျယ်လာသော်လည်း ယခုလ စက်သုံးဆီဈေးတစ်ဂါလန်ငွေကျပ် ၃၀၀၀ကျော် တစ်နှစ်ထက်တစ်နှစ်တက်ဈေးကြီးပေးဝယ်ရတာကြောင့် စပါးစိုက်ပျိုးခကောက်စိုက်ခ၊ ထွန်ယက်လုပ်အားခနှင့် ကောက်ရိတ်သိမ်းချိန်စပါးရိတ်ခ၊ စပါးခြွေလှေ့ခ၊ မြေဆီဈေးနှုန်းခ ဈေးမြင့်တက်ပေးရခြင်းကြောင့် စပါးစိုက်ပျိုးစရိတ်ချေးငွေယူဆောင်ထားရခြင်းရှိတဲ့အတွက် ခက်ခဲခြင်းများ စွာရှိလာကြောင်း စက်သုံးရတဲ့အတွက် အဓိက စက်သုံးဆီဈေးများ ကျဆင်းစေချင်ပါတယ်" ဟု တောင်သူတစ်ဦးက ပြောသည်။

ထို့နောက် ကသာမြို့နယ်တွင် စပါးစိုက်ပျိုးဧက ၃၈၅၀၂ ဧကရှိပြီး လွန်ခဲ့သော ၁၅ နှစ်ကျော်ခန့်က နှမည်ကြီး ကုလားကြီး၊ ငကျွဲ၊ ဓမထစပါးအများဆုံးစိုက်ပျိုးခဲ့ကြရာ စပါးအထွက်နှုန်းကောင်းလှသည့် လုံးသွယ်မွှေး၊ စောရွှတ်၊ ပေါ်ဆန်းမွှေးစပါးများကို ပြောင်းလဲ စိုက်လာကြပြီး ငချိတ်(ခ)ကောက်ညှင်းနက်စပါးနှင့် ကောက်ညှင်းဖြူစပါးကို အိမ်စားသုံးလောက်သာ တောင်သူအများစု ထည့်သွင်း စိုက်ပျိုးလာကြကြောင်း သိရသည်။ (ဝဲပုံ)

(၄၅၇)



## သဘာဝရေဘေးအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ရေနံချောင်း ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင် ရေနံချောင်းမြို့နယ်၌ သဘာဝရေဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့နံနက်ပိုင်းက ပင်းဝကျေးရွာအုပ်စု၊ ဘုရားကုန်းကျေးရွာ၊ ပင်းစက္ကူလံပဘုရားဝင်းတွင် ပြုလုပ်ခဲ့သည်။

ထိုသို့ဇာတ်တိုက်လေ့ကျင့်ရာတွင် အမှန်တကယ်ဘေးအန္တရာယ်ကြုံတွေ့လာပါက လိုက်နာဆောင်ရွက်ရမည့်အချက်များကို သိရှိနိုင်ရန် ရေပြင်အသက်ကယ်ရှာဖွေခြင်း၊ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများသို့ စနစ်တကျ ရွှေ့ပြောင်းကူညီဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်း၊ ရှေးဦးသူနာပြုစုခြင်းတို့ဖြင့် လေ့ကျင့်ဆောင်ရွက်ခဲ့ကြပြီး ထို့နောက်ကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့လာသူများအား အားပေးစကားပြောကြားကာမုန့်နှင့် အချိုရည်များ ဝေငှခြင်း၊ သဘာဝဘေး အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှခြင်းတို့ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ရေဘေးသဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်ပြာစိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ ဒေသခံပြည်သူများဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**(အောက်ဝဲပုံ)(၄၇၂)**



## အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်ပြပွဲအခမ်းအနား ကျင်းပ

**ပျဉ်းမနား ဇူလိုင် ၁၇**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပျဉ်းမနားမြို့နယ်ရုံးမှ ဦးစီးကျင်းပသည့် (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်ပြပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပျဉ်းမနားမြို့၊ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပျဉ်းမနားမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးဇော်မင်းလွင်က ဟောပြောပွဲနှင့် ပြပွဲများ ကျင်းပဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စာရေးဆရာ နွေဦးကိုကိုက အာဇာနည်နေ့ ဖြစ်ပေါ်လာပုံ၊ အာဇာနည်နေ့ အကြောင်း သိကောင်းစရာများ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်များ၏ နိုင်ငံတော်အပေါ် တာဝန်သိသိသစ္စာရှိရှိဖြင့် ကိုယ်ကျိုးမဖက် အသက်ကိုပဓာနမထားဘဲ ကြိုးပမ်းအားထုတ်ခဲ့ပုံများ၊ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်မှု သမိုင်းကြောင်းများ၊ အာဇာနည်စိတ်ဓာတ်ဆိုသည့် အဓိပ္ပာယ်နှင့် စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို ဟောပြောဆွေးနွေးခဲ့သည်။ **(ယာပုံ)**

ဆက်လက်၍ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းခမ်းစုယဉ်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတုယူဖွယ်၊ မှတ်သားဖွယ်ရာများနှင့် စာပေလေ့လာဖတ်ရှုပြီး မိမိတို့ဘဝ အောင်မြင်တိုးတက်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပျဉ်းမနားမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်များဖြင့် စာအုပ်ပြပွဲဆောင်ရွက်ပြီး (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နုတ်ချက်များ၊ အာဇာနည်နေ့ ဂုဏ်ပြုကဗျာများ၊ ဗိုလ်ချုပ်အောင်ဆန်း၏ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု မှတ်တမ်းဓာတ်ပုံများနှင့် လူငယ်ရေးရာအသိပညာပေး နံရံကပ်စာစောင်များကို ပြသဆောင်ရွက်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





## စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ဟောပြောပွဲနှင့်ပြိုင်ပွဲများ ကျင်းပ

**အောင်လံ ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ မြို့နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီကကြီးမှူး၍ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုကို ယမန်နေ့နံနက် ၁၀ နာရီက အောင်လံမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ မြို့နယ်ပညာရေးမှူးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်ခင်စိုးမိုးက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများအား ရှင်းလင်းပြောကြားခဲ့သည်။ **(ဝဲပုံ)**

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသိန်းက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု စာပေဟောပြောပွဲအခမ်းအနားနှင့် ပြိုင်ပွဲများကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး အောင်လံပညာရေးအသင်း၊ Book Club အသင်းဒုဥက္ကဋ္ဌ ဆရာကြီးဦးသန်းထွန်းက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သိကောင်းစရာများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အောင်လံပညာရေးအသင်း၊ Book Club အသင်းဥက္ကဋ္ဌ ဆရာကြီး ဦးတင်ဝင်း(တင်ဝင်းမောင်အောင်လံ)က စာပေအလင်းရောင် ဘဝ မီးရှူးတန်ဆောင်ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့သည်။

ယင်းနောက် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက စကားရည်လုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကလေးငယ်များအား ကဗျာများရွတ်ဖတ်ကြားစေခြင်း၊ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်များ ပြသခြင်းနှင့် ကျောင်းစာကြည့်တိုက်အတွင်း စာပေဖတ်မှတ်လေ့လာနေသော ကျောင်းသား၊ ကျောင်းသူများအား စာကြည့်တိုက်ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **မျိုးသိန်း(ပြန်/ဆက်)**

## လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်း ကျင်းပ

**မန္တလေး ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ ၈၄လမ်း၊ စစ်ကိုင်းလမ်းခွဲ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းရှိ ဇမ္ဗူတာမွခန်းမ၌ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး ဗလငါးတန်နှင့်ပြည့်စုံစေရန်၊ အသိပညာ ဗဟုသုတရရှိပြီး နိုင်ငံတော်အတွက် အကျိုးပြုနိုင်သော ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယမန်နေ့နံနက် ၉ နာရီက ကျင်းပခဲ့သည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းလှိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ချမ်းမြသာစည်မြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြား၍ "လူငယ်များ အသိပညာ၊ အတတ်ပညာနှင့် လူ့ကျင့်ဝတ်တန်ဖိုး မြှင့်တင်ပေးရန်၊ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဆိုသည့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စကားပြောစွမ်းရည်များ တိုးတက်လာစေရန် လူငယ်စကားဝိုင်းများကို ကျင်းပရခြင်းဖြစ်ကြောင်း" ရှင်းလင်းပြောကြားခဲ့သည်။



ယင်းနောက် စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက Moderator အဖြစ် ဦးဆောင်ဆွေးနွေးခဲ့ပြီး Grade-8 ကျောင်းသား မောင်ထူးဇရာလင်းက "လူငယ်နှင့်ပရဟိတ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade - 9 ကျောင်းသူများဖြစ်ကြသည့် မလင်းလက်နဒီမှူးက "လူငယ်နှင့်ယဉ်ကျေးမှု" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မဝင်း၊ ရွှေစင်ဖူးက "လူငယ်နှင့်ပညာရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 ကျောင်းသူ မကြယ်စင်မိုးမြင့်က "လူငယ်နှင့် နည်းပညာ" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြသည်။ ၎င်းနောက် စကားဝိုင်းသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။ စကားဝိုင်းပြီးနောက် ကျောင်းသား၊ ကျောင်းသူများသည် ခန်းမအတွင်း ပြသထားသော အသိပညာပေး နံရံကပ် စာစောင်များနှင့်၊ စာအုပ်စာစောင်များအား စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

လူငယ်စကားဝိုင်းသို့ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းနှင့် ဝန်ထမ်းများ၊ အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ချမ်းမြေ့)**

ပတ်စရာ၊ မှတ်စရာ
ခုံလင်
ယနေ့နေ့စဉ်

## အာဇာနည်နေ့ သင်ခန်းစာ

* အာဇာနည်နေ့ ရောက်ချိန်ခါ
အလေးပြုကြမှာ ၊
တို့များရင်မှာ မမေ့ကြ
ဦးညွှတ်ဂါရဝ---။

* နယ်ချဲ့တို့က တွေးမိုက်ကြံ
သပ်လျှိုသွေးခွဲပြန် ၊
စည်းလုံးပျက်ရန် မြစဉ်းစား
ခလောက်ဆံ စိတ်ထား---။

* လွတ်လပ်ရေးအား ရဖို့ကို
လပိုင်းမျှသာလို ၊
ခေါင်းဆောင်များကို ဆုံးရှုံးရ
နမြောမိတယ်ဗျ---။

* ဇူလိုင်လရဲ့ ၁၉ မှာ
မိုးဖွဲ့လေးများရွာ ၊
အာဇာနည်များ အသက်ပေး
ဝမ်းနည်းရ ပူဆွေး---။

* သင်ခန်းစာ တို့တစ်တွေ
အေးအတူပူအမျှနေ ၊
မစည်းလုံးပေ ဆုံးရှုံးရ
တိုင်းပြည်နစ်နာလှ---။

* ချစ်ခင်နေကြ စည်းလုံးသော်
ထင်းစည်းပုံပမာနော်
အေးချမ်းရွှင်ပျော် သာစေဖို့
စည်းလုံးကြပါစို့---။ ။

**ကိုကိုဇင်(ပညာရေး)**



# သတင်းပဒေသာ

## အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေး ဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ်၊ လူထုအခြေပြုဗဟိုဌာန၌ (၇၇) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲအား ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးခွန်ရဲထွေးက အာဇာနည်နေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းများ၊ အာဇာနည်ပုဂ္ဂိုလ်ကြီးများနှင့် အာဇာနည်စိတ်ဓာတ်အကြောင်းနှင့် စာအုပ်စာပေများကို လေ့လာဖတ်ရှုဖို့လိုအပ်ကြောင်း စာအုပ်စာစောင်တွေဖတ်မှ အသိပညာဗဟုသုတတိုးပွားမည်ဖြစ်ကြောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## တောင်သူနည်းပညာပေး ဆွေးနွေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏စီစဉ်မှုဖြင့် တောင်သူနည်းပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁၅ရက်နံနက် ၁၀ နာရီက မွေတော်ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံနေရာ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကွန်နားကျေးရွာအုပ်စု၊ ကုန်းကျောင်း၊ လွယ်လင်းနှင့် ဆွမ်မရမ်းကျေးရွာရှိ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အလယ်တန်းအဆင့် တစီစာကုံးနှင့် မူလတန်းအဆင့်ပန်းချီပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၌ အနာဂတ်မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူလူငယ်များ အသိပညာဗဟုသုတမြင့်မားတိုးတက်စေရန်၊ လူငယ်လူရွယ်များ အာရုံစူးစိုက်လေ့လာမှုနှင့် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်လာစေရန်၊ နေ့ကြီးရက်ကြီးများ မမေ့အပ်စေရန် ရည်ရွယ်၍ (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အနေဖြင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် အလယ်တန်းအဆင့် စာစီစာကုံးနှင့် မူလတန်းအဆင့်ပန်းချီပြိုင်ပွဲကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ဟောပြောပွဲနှင့် ဆုပေးပွဲကို အဆိုပါကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## စွန့်ပစ်အမှိုက်ညစ်ညမ်းမှုပြဿနာများ အသိပညာပေး ဟောပြော

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့တွင် "စွန့်ပစ်အမှိုက်ညစ်ညမ်းမှုပြဿနာများနှင့် တစ်ခါသုံးပလတ်စတစ်အန္တရာယ်" အကြောင်းသိကောင်းစရာ အသိပညာပေးဟောပြောပွဲကို ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် ရည်ရွယ်၍ ဇူလိုင် ၁၂ ရက် နံနက် ၁၁ နာရီက အမှတ် (၂) အခြေခံပညာမူလတန်းကျောင်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ဝိုင်း ဆွေးနွေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း၊ လူငယ်အသင်း(Youth Club)တို့ပူးပေါင်း၍ စာဖတ်ဝိုင်းကို ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာန(Community Center)ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြို့နယ်ပညာရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ်တွင် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသော ၂၀၂၄ ခုနှစ်၊ မြို့နယ်ပညာရေးမှူးဖလား၊ အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၆)နှစ်အောက် အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲခန့်က တပ်နယ်အားကစားကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး ဇူလိုင် ၁၇**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေ ပေးအပ်ခြင်း ပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသဝအရှင်မြတ်က ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချအနုမောဒနာတရားဟောကြား ချီးမြှင့်ပြီး မန္တလေးမြို့နေ စံပြသချိုင်္ချာဆရာကြီး ဦးပေါ်ထွန်း+ဒေါ်မြရည်၊ (သား)သင်္ချာဆရာကြီး ဦးစောအောင်တို့အား ရည်စူး၍ ကျန်ရစ်သူမိသားစုများက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ၁၂၅၀၀၀၀ ကျပ် ဖြည့်စွက်လှူဒါန်းငွေ ၃သိန်းကျပ်၊ စုစုပေါင်း ၁၅၅၀၀၀၀ကျပ်ကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ဝင် ဦးကျော်ဝင်းက လက်ခံရယူသည်။



အဆိုပါ အလှူရှင်မိသားစုများက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ကဆ)



# ရာသက်ပန်ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်း

**မန္တလေး ဇူလိုင် ၁၇**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)သို့ ရာသက်ပန်ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းခြင်း အလှူတော်မင်္ဂလာကို ဇူလိုင် ၁၄ ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင် မန္တလေးမြို့ ၈၂လမ်း၊ ၃၅လမ်းနှင့်၃၆လမ်းကြားနေ ဦးရှမ်း+ဒေါ်ခင်သန်း(ဆေးဆိုးတိုက်)မိသားစုက ယခင်လှူဒါန်းပြီး ဆွမ်းပဒေသာပင်အလှူငွေကျပ်သိန်း ၁၅၀အပါအဝင် ယခုဒုတိယအကြိမ်မြောက်ထပ်မံလှူဒါန်းသည့် ဆွမ်းပဒေသာပင် အလှူငွေကျပ် ၅၃သိန်း စုစုပေါင်းဆွမ်းပဒေသာပင် အလှူငွေကျပ်၂၀၃သိန်းအား ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေသရ ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ချီးမြှင့်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချတရားဟောကြားတော်မူခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)(ကဆ)

# ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၇**

မန္တလေး၊ အမျိုးသမီးလုပ်ငန်းရှင်များအသင်း၏ "ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ကျောင်းသုံးပစ္စည်းများ၊ ထောက်ပံ့ပေးအပ်ပွဲ"ကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် စောမွန်လှသစ္စာအဓိဋ္ဌာန်အောင် ဆုတောင်းပြည့် မြတဘက်နဂါးကိုးကောင်ဘုရား စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးပညာသင်ကြားရေးကျောင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ လှူဒါန်းပွဲတွင် ပဓာနနာယကတိုက်အုပ်ဆရာတော်၊ နဂါးကိုးကောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တရာဇိန္ဒအမှူးရှိသော သံဃာတော်တို့အား ဝါဆိုသင်္ကန်းနှင့်တကွ အခြံအရံလှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းပြီး နဂါးကိုးကောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တရာဇိန္ဒထံမှ သီလတရားများကို ခံယူဆောက်တည်၍ ရေစက်ချအနုမောဒနာတရားများကို နာယူလှူဒါန်းခဲ့ကြသည်။

ထို့နောက် စောမွန်လှ ပေါ်တော်မူဘုန်းတော်ကြီး ပညာသင်ကြားရေးကျောင်းရှိ ရှင်သာမဏေများ၊ သီလရှင်ဆရာလေးများနှင့် ကျောင်းသား၊ ကျောင်းသူလေးများအား စာအုပ်၊ စာရေးကိရိယာ၊ ဆေးဝါးနှင့်တကွ ပညာရေး အထောက်အကူပြုပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ပြီး ဆရာတော်၊ သံဃာတော်များအား ဆွမ်း၊ ခဲဘွယ်၊ ဘောဇဉ်များ၊ အချိုပွဲများကို ဆက်ကပ်လှူဒါန်းခဲ့သည်။

အဆိုပါ ကျောင်းတွင် ဝါဆိုလပြည့်နေ့၌ နဂါးကိုးကောင် ဆရာတော်အမှူးရှိသော ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် အခြံအရံလှူဖွယ်ဝတ္ထုပစ္စည်းများအား ဆက်ကပ်လှူဒါန်း၍ ကျောင်းသား၊ ကျောင်းသူ ၁၀၀၀ ကျော်တို့အတွက် ပညာရေးငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ကျင်းပမည်ဖြစ်ရာ စောမွန်လှဆွေတော်မျိုးတော်များ ပဋ္ဌာန်းဆက် အလှူရှင်များအနေဖြင့် ဖုန်း ၀၉-၂၀၃၂၂၄၇၊ ၀၉-၄၀၂၅၉၈၃၅၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အကျိုးတော်ဆောင်အဖွဲ့ထံမှ သိရသည်။

(ဝဲပုံ)

(ကဆ)



# ရေဘေးသင့်ပြည်သူများအား ဆန်၊ ခေါက်ဆွဲခြောက်နှင့် ရေသန့်ဘူးများ ထောက်ပံ့လှူဒါန်း

**အောင်လံ ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ဇူလိုင် ၁၂ရက် နံနက်ပိုင်းက ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ရွာထောင်ရပ်ကွက်ရှိ ရေဘေးရှောင်စခန်းများဖြစ်သော ဆာပါအောင်တော်မူဘုရား၊ ဆုတောင်းပြည့်ဘုရား၊ မြသိန်းတန်ဘုရားဝန်းနှင့် ဗောဓိဘုရားဝန်းတို့မှ ရေဘေးသင့်ပြည်သူများအား ဆန်၊ ခေါက်ဆွဲခြောက်နှင့် ရေသန့်ဘူးများကို ယမန်နေ့ မွန်းလွဲ ၃ နာရီက အောင်လံမြို့ရှိ ရေဘေးရှောင်စခန်းအသီးသီး၌ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် အောင်လံမြို့နယ် ရွာထောင်ရပ်ကွက်မှ ရေဘေးသင့်အိမ်ထောင်စု ၁၃၂စု၊ လူဦးရေ ၄၅၄ဦးအား ဆန်(၅)အိတ်၊ ခေါက်ဆွဲခြောက် ၄၅၄ထုပ်၊ ရေသန့်(၁)လီတာဘူး ၄၅၄ ဘူး စသည်တို့ကို အောင်လံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်များ ပူးပေါင်း၍ စုစုပေါင်းငွေကျပ် ၈၃၄၃၀၀ (ရှစ်သိန်းသုံးသောင်းလေးထောင့်သုံးရာ) လှူဒါန်းခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

(ကဆ)

၀-၀-၀-၀-၀-၀

# တိမ်တောက်ချိန်(၂) အမျိုးသမီး ပန်းချီပြပွဲကြီး




**နေလုံးကြီး နီလာပေါ့**
**ဝင်တော့မယ် ချိန်တန်ပြီ**
**တိမ်ပန်းချီ မခို့တရို့အလှနဲ့**

**တို့ဘဝရဲ့ တိမ်တောက်ချိန်** ဆိုသည့်ပမာ လိမ္မော်၊ မရမ်း၊ ပန်းနုသွေးတိမ်များ ခြံရံကာ မိုးကောင်းကင်တွင် အစွမ်းကုန်တောက်ပ အလှခြယ်သကာ ကမ္ဘာလောကကြီးကို နှုတ်ခွန်းဆက် အလှဆင်နေသလိုပင်။

ဘဝနေဝင်ချိန် အသက်ရှစ်ဆယ်ကျော် ကိုးဆယ်တွင်း ရောက်ရှိနေသည့်တိုင် ပန်းချီဆရာမဘဝကို အသက်သွေးတမျှ ချစ်မက်ကြကာ ယနေ့တိုင် ပန်းချီကားတွေ ရေးဆွဲကြ ပြပွဲတွေမှာ ပါဝင်ပြသရင်း အနုပညာချစ်စိတ်ဖြင့် ရှင်သန်နေကြမြဲဖြစ်သည်။ ငယ်စဉ်ကလေးဘဝမှစ၍ ပန်းချီပညာကို ချစ်မြတ်နိုးစွာ သမ္မာရင့်၊ ဝါရင့်ပန်းချီဆရာကြီးများထံ ထဲထဲဝင်ဝင် သင်ယူလေ့လာရေးဆွဲနေကြသူ သက်ကြီးဝါကြီး ပန်းချီဆရာမကြီးများမှာ မြန်မာတစ်နိုင်ငံလုံးတွင် (၆)ဦးမျှသာ ကျန်ရှိတော့သည်။ ပန်းချီဆရာမကြီး ဒေါ်ချစ်ချစ်နှင့် ဒေါက်တာမင်းလဲ့ရီ(စာပေ၊ ပန်းချီ၊ ဂီတ)တို့ ကွယ်လွန်သွားခဲ့ကြပြီ။ ရှားရှားပါးပါး လက်ကျန်ပန်းချီဆရာမကြီးများ၏ ဘဝနေဝင်ချိန်မတိုင်မီ ကိုယ်ရေးဆွဲထားသည့် ပန်းချီကားများဖြင့် ကြည့်ရှုသူများ ဘဝအမောပြေစေဖို့ ကြည်နူးဝမ်းသာစေဖို့ ပန်းချီဆေးတွေ၊ ကင်းဗတ်စတွေ၊ စုတ်တံတွေ ဈေးခေါင်ခိုက်နေငြားနည်းပါးလာသည့် ဘဝလက်ကျန်အချိန်လေးမှာ ကြိုးစားရေးဆွဲကြပါသည်။ ပြပွဲဖြစ်မြောက်အောင် ကြိုးစားရသည်မှာ မလွယ်ကူလှ။

လောကဓံလှိုင်း၏ရိုက်ခတ်မှု ဘဝမုန်တိုင်းများကို ဖြတ်ကျော်ရင်ဆိုင်ရင်း ပန်းချီအနုပညာချစ်စိတ် အရင်းခံကာ ဇွဲအားမာန်တွေဖြင့် ဇရာကို အန်တု နုပျိုတဲ့ပန်းချီကားတွေရေးဆွဲ ဘဝနေဝင်ချိန်မှာ အနုပညာအောင်လံထူနေကြမြဲဖြစ်သည်။ ကျွန်မတို့ အမျိုးသမီးပန်းချီဆရာမများ သီးသန့် ပန်းချီပြပွဲတွေ ပြသနေချိန်မှာ ကိုယ်ရောစိတ်ပါ နုပျိုသွားသလို အထူးလန်းဆန်းပြုံးပျော်နေကြမြဲ ဖြစ်သည်။ အားလုံးငွေကြေးထည့်ဝင်ကြကာ လှပခံ့ညားတဲ့ ဆေးရောင်စုံပန်းချီကက်တလောက်များ၊ နှစ်သစ်ပြက္ခဒိန်များ၊ ဆရာမများ၏လိပ်စာ စာအုပ်ငယ်လေးများ ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ကြသည်။ ပြပွဲလာသူ ဧည့်သည်တော်များကို ကော်ဖီ၊ မြန်မာမုန့်မျိုးစုံ၊ မန္တလေးထိုးမုန့်၊ ဆနွင်းမကင်း၊ ကိုရီးယားရေညှိထမင်းလိပ် စသည်တို့ဘူဖေးစနစ်ဖြင့် ကုသိုလ်ပြု ကျွေးမွေးဧည့်ခံနိုင်ကြသည်။

တိမ်တောက်ချိန် Sun Set Art Exhibition I ကို စမ်းချောင်းမြို့နယ်၊ မြေနုလမ်းသွယ်ရှိ Artist Gallery Cafe တွင် ကျင်းပခဲ့ပြီး ယခုတိမ်တောက်ချိန်(၂)ပန်းချီပြပွဲကို ရန်ကုန်မြို့၊ ဗိုလ်မြတ်ထွန်းလမ်း Artistic Space Art Gallery တွင် မေ ၂၅ ရက်မှ ၂၉ ရက်အထိ ၅ ရက်တိုင်တိုင် ပြသနိုင်ခဲ့သည်။ ရန်ကုန်-မန္တလေးရှိ အမျိုးသမီးပန်းချီဆရာမ ၁၄ ဦး ပါဝင်ကြသည်။ ပန်းချီဆရာမတစ်ဦးလျှင် ပြပွဲဝင်ကြေး ငွေကျပ်တစ်သိန်းစီ ထည့်ဝင်၍ ကက်တလောက်များ လှလှပပရိုက်ကာ ဖိတ်ကြားဧည့်ခံပြီး ပန်းချီကားပေါင်း ၁၀၀ ကျော် ချိတ်ဆွဲပြသနိုင်ခဲ့သည်။

တိမ်တောက်ချိန်(၂) ပန်းချီပြပွဲကို ဦးဆောင်ကြသူများမှာ ပန်းချီဆရာမကြီး ဒေါ်မြင့်မြင့်တင်၊ ပန်းချီဆရာမကြီး ဒေါ်မြင့်ခိုင်၊ ပန်းချီဆရာမကြီး ဒေါ်မြမြဝင်းတို့ ဖြစ်ကြပြီး ပြပွဲစီစဉ်သူမှာ ရုပ်ပြပန်းချီဆရာမြိတ်ဝင်းထိန်၏ ဇနီး နန်းစန်းစန်းယု ဖြစ်သည်။ မန္တလေးမှပါဝင်ပြသူ ပန်းချီဆရာမ သုံးဦးမှာ ပံသုစန္ဒာပန်းချီသင်တန်းကျောင်း ဆရာမကြီး ဒေါ်ချိုချိုအောင်၊ ဒေါ်ခင်ဆွေလှိုင်နှင့် ဒေါ်ခင်နန်းဆန်တို့ ဖြစ်ကြသည်။ ရန်ကုန်မှာ ပန်းချီဆရာကြီး ဒေါက်တာလွန်းကြွယ်၏ဇနီး ဒေါ်လွန်းမြမြ၊ ဒေါက်တာခင်မေကြည်၊ ခင်ခင်စိုး၊ နန်း၊ ခင်စန်းမူ၊ ထွေးထွေးဝင်းနှင့် စန်းလတ်တို့ ပါဝင်ပြသခဲ့ကြသည့် ကြည်နူးစရာ အမျိုးသမီးသီးသန့် ပန်းချီပြပွဲ ဖြစ်သည်။

အမျိုးသမီးပန်းချီဆရာမ ၁၄ ဦးတို့ ကိုယ်နှစ်သက်အားသန်ရာ ဆီဆေး၊ ရေဆေး၊ အခရိုင်းလစ်၊ ပယ်စတယ် စသော မီဒီယမ်မျိုးစုံဖြင့် Realism, Abstract, Modern, Emotion ရေးနည်းစုံလင်စွာဖြင့် သဘာဝရှုခင်း အလှအပများ၊ ပန်းကလေးများ၊ ငှက်ကလေးများ၊ ရာသီဘွဲ့များ၊ ပန်းသစ်သီး၊ သက်ငြိမ်ပန်းချီကားများစွာက ပန်းချီပြပွဲသို့ ကြွရောက်ကြည့်ရှုသူများ၏ စိတ်နှလုံးကို ရွှင်ပြုံးကြည်သာ လန်းဆန်းရွှင်ပျ ပီတိမျက်နှာများစွာက ခဏတာမျှ ဘဝအမောတွေ ပြေလျော့စေကြောင်း ပြဆိုနေသည်။

ဘုရားစေတီ၊ တောရိပ်တောင်ရိပ်၊ လသာည၊ နေဝင်ချိန် စသည့် အရောင်အသွေး၊ အလင်းအမှောင်၊ အရောင်အရိပ်တွေ၊ ရောင်စဉ်တွေက စိတ်နှလုံးကို ကြည်လင်စေကာ ရသစုံပန်းချီတောမှာ ငေးမောကြည်နူးနေကြသည်ချည့်။ တစ်မြို့တည်းနေကြပေမယ့် မဆုံဖြစ်ကြတဲ့ မိတ်ဆွေသူငယ်ချင်းတွေနဲ့ မထင်မှတ်ဘဲ ပန်းချီပြပွဲမှာ လာဆုံဆည်းကြတော့ အံ့သြဝမ်းသာနှုတ်ဆက်စကားဆိုကြ၊ ကိုယ်နှစ်သက်သည့် ပန်းချီကားတွေ ဝယ်ယူအားပေးကြ အမှတ်တရဓာတ်ပုံတွေ ယှဉ်တွဲရိုက်ရင်း ကြည်နူးပျော်ရွှင်ကြရသည်။



အသက်ရှစ်ဆယ်ကျော် ကိုးဆယ်ထဲရောက်လာသည့်တိုင် ပန်းချီဆရာမကြီးများသည် ပန်းချီရေးဆွဲရင်း၊ အလှူဒါနကုသိုလ်ပြုရင်း ဘာဝနာပွားများရင်း၊ အနုပညာခွန်အားဖြင့် ကိုဗစ်ကာလကိုလည်း ရင်ဆိုင်အန်တု ဖြတ်ကျော်နိုင်ခဲ့ကြသည်။ ကာလာရောင်စဉ်တွေကြားမှာ ပန်းချီဆရာမဘဝကို မြတ်မြတ်နိုးနိုးတန်ဖိုးထား ယုယထွေးပိုက်ကာ ရောင့်ရဲနေပျော်တတ်ခဲ့ကြသည်။ တိမ်းတိမ်းမူးမူး မွေ့ပျော်နေကြမြဲ ဖြစ်သည်။ နောက်ဆုံးထွက်သက်အထိတိုင် ပန်းချီအနုပညာကို ဖန်တီးရေးဆွဲနေကြမည်မှာ မလွဲဧကန်။




ကျွန်မတို့တစ်တွေသည် ဆယ်ကျော်သက်အရွယ် ပန်းချီသင်တန်းတွေဆင်းပြီးစအချိန် နိုင်ငံတော်ပန်းချီ၊ ပန်းပုကောင်စီဗဟိုမှ ကြီးမှူးကျင်းပသည့် ရန်ကုန်မြို့ အင်ဗိုင်းခန်းမ၊ ပန်းချီပြပွဲ ၁၉၇၀ ပြည့်နှစ်မှစတင်ကာ ပြပွဲ ပြသခဲ့ကြသည်။

ယခုကျင်းပသည့် "တိမ်တောက်ချိန်" ပန်းချီပြပွဲအထိ (၅၄)နှစ်တာအချိန်ကာလအတွင်း ပြပွဲပေါင်း "တစ်ရာကျော်" ပြသခဲ့ပြီး ဖြစ်သည်။ ပန်းချီရေးသက် ရွှေရတုနှစ်ကျော်လွန်လာသော်ငြား နက်နဲခက်ခဲသော ပန်းချီပညာကို တပည့်ခံ လေ့လာသင်ယူ၊ စု၊ တု၊ ပြုနေရဆဲပင်။ ပြသခဲ့သည့် ပြခန်းတွေမှာ အင်ဗိုင်းခန်းမ၊ အင်းလျားလိပ်ကျောက်မျက်ရတနာပြပွဲ၊ မန္တလေးမြို့တော်ခန်းမ၊ မန္တလေးပန်းချီကျောင်း၊ ရန်ကုန်အမျိုးသားယဉ်ကျေးမှုပြတိုက်၊ ပုဂံယဉ်ကျေးမှုပြတိုက်၊ ဗိုလ်ချုပ်ဈေးပြခန်း၊ နဝဒေးပြခန်း၊ ပြည်သူ့ရင်ပြင်၊ ကုသိုလ်တော်၊ မန္တလေးပံသုစန္ဒာပန်းချီပြခန်း၊ သီရိပန်းချီပြခန်း၊ ပြင်သစ်စင်တာ၊ မန္တလေးတောင်ပြခန်း၊ ရန်ကုန်တပ်မတော်ခန်းမ၊ ကမ္ဘာ့ဇရိပ်သာ၊ ချင်းချောင်းနန်းတော်၊ မန္တလေးသီရိပစ္စယာပန်းချီပြခန်းတို့တွင် ကျင်းပသောပြပွဲတွေမှာ ပါဝင်ပြသခဲ့ကြသည်။

ဆိုင်းသံကြားလျှင် "မကရ မနေနိုင်" ကချင်ကြသည့် မင်းသမီးတွေလို ပန်းချီပြပွဲရှိတိုင်း အမြဲတမ်း ပါဝင်ပြသခဲ့သော ကျွန်မတို့အတွက် ပန်းချီပြပွဲဟူသည် မဟာသြသဓဆေးတော်ကြီး မိုဝဲရသကဲ့သို့ပင် ကိုယ်စိတ်နှစ်ပါးကြည်နူးပျော်ရွှင်ကာ ကျန်းမာရေးအတွက် ညီမျှချေ ဖြစ်တည်နေသည်။ ပြပွဲရက်များအတွင်း အနုပညာမိတ်သင်္ဂဟများနှင့်ဆုံတွေ့ကြ၊ အနုပညာရပ်ဝန်းက အနုပညာအတွေ့အကြုံတွေ ပြောကြားကြ၊ သူ့ပန်းချီကား၊ ကိုယ့်ပန်းချီကားလိုအပ်ချက်တွေ ဝေဖန်စကားဆိုကြ၊ အားလပ်ချိန်မှာ စားသောက်ဆိုင်တွေ သွားစားကြ၊ ပန်းချီစာအုပ်အသစ်ထွက်တိုင်း စိတ်ကူးချိုချိုမှာ သွားဝယ် ဖတ်မှတ်လေ့လာကြနှင့် ပျော်ရွှင်ကြည်နူးဖွယ်ဘဝ၏ ချိုမြိန်သော နေ့ရက်များဖြစ်ခဲ့ကြသည်။ ယခုနှစ်အတွက် အမျိုးသမီးပန်းချီဆရာမ ၁၄ ဦး ပါဝင်ပြသခဲ့သည့် "တိမ်တောက်ချိန်(၂)" ပန်းချီပြပွဲကြီးအတွင်းမှာ တူညီသောဆန္ဒ အနုပညာခံယူချက် ကိုယ်စီနှင့် ပန်းချီကားအသစ် အသစ်များ ထပ်မံရေးဆွဲကြကာ အသက်ရှင်နေသေးသရွေ့ "တိမ်တောက်ချိန်" (၃)(၄)(၅)ပန်းချီပြပွဲများ နှစ်စဉ် ပြသကြပါဦးမည် ဟု.....။

**ခင်ဆွေလှိုင်(ပန်းချီ)**

## လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်စကားဝိုင်း ကျင်းပ



**မန္တလေး ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ ၈၄ လမ်း၊ စစ်ကိုင်းလမ်းခွဲ အမှတ် (၇)အခြေခံပညာ အထက်တန်းကျောင်းရှိ ဓမ္မာရုံတွင် ခန်းမ၌ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး ဗလငါးတန်နှင့်ပြည့်စုံစေရန်၊ အသိပညာ ဗဟုသုတရရှိပြီး နိုင်ငံတော်အတွက် အကျိုးပြုနိုင်သော ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းလှိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ချမ်းမြသာစည်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြား၍ "လူငယ်များ အသိပညာ၊အတတ်ပညာနှင့် လူ့ကျင့်ဝတ်တန်ဖိုးမြှင့်တင်ပေးရန်၊ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဆိုသည့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စကားပြောစွမ်းရည်များ တိုးတက်လာစေရန် လူငယ်စကားဝိုင်းများကို ကျင်းပရခြင်းဖြစ်ကြောင်း" ရှင်းလင်းပြောကြားခဲ့သည်။ (ဝဲပုံ)

ယင်းနောက် စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက Moderator အဖြစ် ဦးဆောင်ဆွေးနွေးခဲ့ပြီး Grade-8 ကျောင်းသား မောင်ထူးဇေယာလင်းက "လူငယ်နှင့် ပရဟိတ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade - 9 ကျောင်းသူများဖြစ်ကြသည့် မလင်းလက်နဒီမှူးက "လူငယ်နှင့်ယဉ်ကျေးမှု" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မဝင်းရွှေစင်ဖူးက "လူငယ်နှင့်ပညာရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade- 10 ကျောင်းသူ မကြယ်စင်မိုးမြင့်က "လူငယ်နှင့်နည်းပညာ" ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြသည်။ ထို့နောက် စကားဝိုင်းသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။ စကားဝိုင်းပြီးနောက် ကျောင်းသား၊ ကျောင်းသူများသည် ခန်းမအတွင်း ပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့်၊ စာအုပ်၊ စာစောင်များအား စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

လူငယ်စကားဝိုင်းသို့ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းနှင့် ဝန်ထမ်းများ၊ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ချမ်းမြေ့)

၀-၀-၀-၀-၀-၀-၀



## မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၈၃၁ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်

**ပွင့်ဖြူ ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၈၃၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံဧက ၉၁၄ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၈၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီအနေနဲ့ ပွင့်ဖြူမြို့နယ်မှာ ဟင်းသီးဟင်းရွက်သီးနှံဧက ၉၁၄ ဧက စိုက်ပျိုးဖို့အတွက် လျာထားပြီး ဒေသခံတောင်သူတွေက လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၈၃၁ ဧက စိုက်ပျိုးပြီးစီးသွားပြီ ဖြစ်ပါတယ်။ တောင်သူတွေအဓိက စိုက်ပျိုးတဲ့ သီးနှံအမျိုးတွေကတော့ ခရမ်းချဉ် ၊ မုန့်ညင်း၊ မုန်လာဥဖြူ၊ ခရမ်းညို၊ ခရမ်းစိမ်း၊ ရွှေဖရုံ၊ ဘူး၊ သခွား၊ ဂေါ်ဖီ၊ ပန်းမုန်လာ၊ ရုံးပတီ ၊ ကြက်ဟင်းခါး၊ ခဝဲသီး၊ တိုင်ထောင်ပဲသီး၊ ပဲရှည်သီးစတဲ့ သီးနှံများကို စိုက်ပျိုးကြပါတယ်။ဟင်းသီးဟင်းရွက်သီးနှံစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး စားသုံးသူပြည်သူတွေ အစားအစာ ဘေးကင်းလုံခြုံစေဖို့အတွက် စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ (GAP) စနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို ကွင်းဆင်းပညာပေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်မျိုးစေ့တွေကိုလည်း ပံ့ပိုးကူညီဆောင်ရွက်ပေးထားပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများက သီးနှံဝင်ငွေတိုးပွားရေးအတွက် (နွေ၊ မိုး၊ ဆောင်း) တစ်နှစ်ပတ်လုံး ဟင်းသီးဟင်းရွက် မျိုးစုံစိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးရေအဆင်ပြေမှုကြောင့် ဟင်းသီးဟင်းရွက်သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုရှိကြောင်းနှင့် စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ (GAP)စနစ်ကို အသုံးပြုပြီး စိုက်ပျိုးကြ၍ ဈေးကွက်၌ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ) (၄၄၅)**

## မုံရွာမြို့နယ်အတွင်း မီးခိုးမြူငွေ့ ကင်းစင်ရေးအတွက် ရိုးပြတ်များအား ယူရီးယားနှင့် အီးအမ် အသုံးပြု၍ မြန်မြန်ဆွေးမြေ့စေရန် ထယ်ထိုးမြေမြှုပ်ခြင်း အသိပညာပေး

**မုံရွာ ဇူလိုင် ၁၇**

မုံရွာမြို့နယ်အတွင်း မီးခိုးမြူငွေ့ကင်းစင်ရေးအတွက် ရိုးပြတ်များအား ယူရီးယားနှင့် အီးအမ် အသုံးပြု၍ မြန်မြန်ဆွေးမြေ့စေရန် ထယ်ထိုးမြေမြှုပ်ခြင်း အသိပညာပေး လုပ်ငန်းကို ဇူလိုင် ၁၅ ရက်က မုံရွာမြို့(အလုံ)ရှိ နွေစပါးရိုးပြတ်စိုက်ခင်းများတွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

"နွေစပါး၊ မိုးစပါး စိုက်ခင်းတွေရိတ်သိမ်းပြီးရင် ကောက်ရိုး၊ ရိုးပြတ်တွေ မီးရှို့တာကြောင့် ထွက်ရှိလာမယ့် မီးခိုးမြူငွေ့တွေ လျော့ချနိုင်ရေးနဲ့ပတ်ဝန်းကျင် ညစ်ညမ်းမှု လျော့နည်းသက်သာစေဖို့ မြေဆီလွှာအတွင်း သဘာဝမြေဆွေးဓာတ်တွေ ပြန်လည်တိုးပွားလာပြီး စဉ်ဆက်မပြတ် စိုက်ပျိုးနိုင်ရေးတို့အတွက် ယူရီးယားနဲ့အီးအမ်တွေကို ကောက်ရိုး၊ ရိုးပြတ်တွေပေါ် ပက်ဖျန်းပက်ကျဲပေးပြီး ထယ်ထိုးမြေမြှုပ်ရပါမယ်။ အဲဒီလိုလုပ်လို့ရရှိလာမယ့် အကျိုးကျေးဇူးတွေ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာဆောင်ရွက်ဖို့ လိုပါတယ်" ဟု မြေအသုံးချရေးဌာနခွဲမှ စစ်ကိုင်းတိုင်းမြေ အသုံးချရေးတာဝန်ခံ ဒေါ်ခင်ထွေးဝင်းက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချရေးဌာနခွဲမှ တိုင်းမြေအသုံးချရေးတာဝန်ခံနှင့် ဝန်ထမ်းများ ကကွင်းဆင်းဆောင်ရွက်ခဲ့ပြီး ကောက်ရိုး၊ ရိုးပြတ်များ မီးရှို့ဖယ်ရှားခြင်းကြောင့် ထွက်ရှိလာမည့် မီးခိုးမြူငွေ့လျော့ချရေး အပါအဝင်၊ ပတ်ဝန်းကျင် လေထု၊ ရေထု ညစ်ညမ်းမှု ဆိုးကျိုးများကို သက်သာစေရန် ဆွေးနွေး အသိပညာများ မျှဝေသည်။

ထို့အပြင်မြေဆီလွှာအတွင်း တဖြည်းဖြည်းယုတ်လျော့နေသော သဘာဝမြေဆွေးဓာတ်ကို ပြန်လည်တိုးပွားလာစေပြီး စဉ်ဆက်မပြတ် စိုက်ပျိုးထုတ်လုပ်နိုင်စေရေး တည်ဆောက်နိုင်စေရန် ရည်ရွယ်ကာ အသိပညာပေးလုပ်ငန်းကို ကွင်းဆင်း ဆောင်ရွက်ခြင်း ဖြစ်သည်။

**(အောက်ဝဲပုံ)**

**(၃၉၄)**



## အခြေခံစက်ချုပ်နည်းသင်တန်း အခမဲ့ဖွင့်လှစ်



**ကျောက်ဆည် ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ ကျောက်ဆည်မြို့နယ် သမန္တလင်းကျေးရွာ ရန်အောင်မြင်ဓမ္မာရုံတွင် အသေးစား၊ အငယ်စား စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေး လုပ်ငန်းစီမံကိန်းအဖြစ် အခြေခံစက်ချုပ်နည်းသင်တန်းကို ယမန်နေ့ နံနက် ၁၀ နာရီက အခမဲ့ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခြေခံစက်ချုပ်နည်း သင်တန်းတွင် ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးအောင်သူက အခြေခံစက်ချုပ်ပညာသည် မိသားစုတစ်ဦးချင်း ဝင်ငွေတိုးတက်ရေးအတွက် လက်တွေ့အသက်မွေးဝမ်းကျောင်းပညာဖြစ်ကြောင်း၊ သင်တန်းသူများအနေဖြင့် အခြေခံစက်ချုပ်ပညာများကို စိတ်ပါဝင်စားစွာ ကြိုးစားသင်ယူသွားကြပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရန် အမှာစကားပြောကြားခဲ့ပြီး ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဇေယျာဝင်းက တစ်နိုင်တစ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်ရန်၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊ အခြေခံစက်ချုပ်နည်းပညာနှင့် မွှမ်းမံစက်ချုပ်နည်းပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး ထူးချွန်သူ (၅)ဦးအား ရွေးချယ်ကာ လုပ်ငန်းများထူထောင်နိုင်ရန် စက်ပစ္စည်းများ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးအောင်သူနှင့် ကျောက်ဆည်ခရိုင်အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဇေယျာဝင်းက ကျေးရွာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌထံသို့ စီမံကိန်းလုပ်ငန်းများနှင့် သင်တန်းသုံး စက်ကိရိယာပစ္စည်းများ ပေးအပ်ခဲ့ပြီး သင်တန်းသူများမှ တစ်ဦးချင်းမိတ်ဆက်စကားများ ပြောကြားခဲ့ကာ စုပေါင်းမှတ်တမ်းများ ရိုက်ကူးခဲ့သည်။ (ဝဲပုံ)

အဆိုပါ အခြေခံစက်ချုပ်နည်းသင်တန်းကို ၂၀၂၄ ခုနှစ် ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၁၃ ရက်အထိ အခမဲ့သင်ကြား ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး မွှမ်းမံစက်ချုပ်နည်းသင်တန်းကို ဩဂုတ် ၂၀ ရက်မှ စက်တင်ဘာ ၁၃ ရက်အထိ ဆက်လက်သင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ သမန္တလင်း၊ ကျားအိုကြီး၊ ကျားအိုလေး၊ မယ်ဇယ်တော၊ ဝမ်းသောင်ကျေးရွာများမှ သင်တန်းသူ ၁၅ ဦး တက်ရောက်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင်ပြန်ဆက်)**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မဟာအောင်မြေမြို့နယ်နှင့် မတ္တရာမြို့နယ်တို့ရှိ ဂရိတ်ဗစ်ထရီမြန်မာကုမ္ပဏီလီမိတက် အသေးစားငွေရေးကြေးရေးလုပ်ငန်း၊ လုပ်ပိုင်ခွင့်လိုင်စင်အမှတ်(၀၂၇၇/၂၀၁၇) သည် ငွေချေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ BOD အဖွဲ့ဝင်များ အနေဖြင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် စာရင်းများကို ရှင်းလင်းဖျက်သိမ်းမည်ဖြစ်ပါ၍ အသင်းဝင်များအနေဖြင့် ပေးရန်၊ ရရန်များကို အဖွဲ့အစည်းတည်ရှိရာသို့ (၃၁-၈-၂၀၂၄)ရက်နေ့တွင် နောက်ဆုံးထား၍ လာရောက်ထုတ်ယူ၊ ပေးသွင်းကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**ဦးရဲမွန်ထွဋ်**

**၁၂/ကမရ(နိုင်)၀၅၄၄၆၆**

**အုပ်ချုပ်မှုဒါရိုက်တာ**

**ဖုန်း ၀၉-၉၇၀၇၀၀၀၀၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံမြို့သစ်(၈)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၂၃)၊ ဦးပိုင်အမှတ်(၁၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးမင်း(ဘ)ဦးသောင်းဟန်(၉/မနတ(နိုင်)၀၆၂၆၉၀)အမည်ဖြင့်ချထားမြေကွက်၏ တောင်ဘက်ခြမ်းဧရိယာ(၃၀×၄၀)ပေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံ၊ မီးမီတာအပါအဝင်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်သီတာထွန်း(ဘ)ဦးစိန်ထွန်း(၅/၀တန(နိုင်)၁၀၇၁၀၅)ကိုင်ဆောင်သူထံတွင် ကျွန်ုပ်၏မိတ်ဆွေမှ အထက်ပါမြေကွက်အား အပိုင်အဆုံးလက်ရောက်ဝယ်ယူရန်အတွက် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ကျော်စိုး (LL.B) (တရားလွှတ်တော်ရှေ့နေ)**

**အိမ်အမှတ်(ဆ-၁၁/၂၅)၊ မြို့သစ်(၂)ရပ်ကွက်၊ လမ်း၇၀၊ ၁၀၉လမ်းနှင့် ၁၀၉(ဘီ)လမ်းအတွင်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၄၄၆၇၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၁)၊ ဦးပိုင်အမှတ်(၄၃/က)၊ ဧရိယာ(၃၀×၄၀)ပေ အကျယ်အဝန်းရှိ ဦးဖေသိန်း(ဘ)ဦးဘိုကေ(၉/မရတ(နိုင်)၀၇၅၂၄၇)အမည်ဖြင့် ချထားမြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဦးသိန်းလွင်(ဘ)ဦးစိန်လှ(၅/ငဇန(နိုင်)၀၆၇၆၄၆)ကိုင်ဆောင်သူထံတွင် ကျွန်ုပ်၏မိတ်ဆွေမှ အထက်ပါမြေကွက်အား အပိုင်အဆုံးလက်ရောက်ဝယ်ယူရန်အတွက် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ကျော်စိုး (LL.B) (တရားလွှတ်တော်ရှေ့နေ)**

**အိမ်အမှတ်(ဆ-၁၁/၂၅)၊ မြို့သစ်(၂)ရပ်ကွက်၊ လမ်း၇၀၊ ၁၀၉လမ်းနှင့် ၁၀၉(ဘီ)လမ်းအတွင်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၄၄၆၇၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၁၂/ကန်ကောက်ကန်ကွင်း)၊ ဦးပိုင်အမှတ်(၁၀)၊ မြေဧရိယာ(၄ ဒသမ ၀၉)ဧက အကျယ်အဝန်းရှိ ဦးဝေယံရဲရင့် အမည်ဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ အခြားနည်းလုပ်ပိုင်ခွင့်ပြုမိန့်ရရှိထားသော မြေကွက် အတွင်းမှ မြေဧရိယာ(၂၅၀×၁၂၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသူများ ဖြစ်ကြသော ဒေါ်မူမူဌေး(ဘ)ဦးအောင်ခင်(၉/မရမ(နိုင်)၀၄၃၃၂၂)၊ ဒေါ်နန္ဒာဝင်း(ဘ)ဦးဝင်းဖေ(၉/မရမ(နိုင်)၀၈၉၅၃၅) ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကျော်သူနိုင်(ဘ)ဦးသိန်းကျော်(၉/ပသက(နိုင်)၁၀၉၉၃၃)ကိုင်ဆောင်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏ မိတ်ဆွေဝယ်ယူပိုင်ဆိုင်ထားသောမြေကွက်အတွင်း ကျွန်ုပ်တို့၏ မိတ်ဆွေမသိရှိဘဲ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ပါရန်နှင့် လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးရဲဇော်ဦး** (LL.B, (Q), D.B.L) | **ဦးဇော်ဝင်းမောင်** (LL.B) |
| **(တရားလွှတ်တော်ရှေ့နေ)** | **(အထက်တန်းရှေ့နေ)** |

**"ကျော်" ဥပဒေအကျိုးဆောင်၊ စက်မှုလယ်ယာတိုက်တန်း၊ အခန်းအမှတ်(၁၁)၊ ပုသိမ်ကြီးမြို့နယ်။ ဖုန်း ၀၉-၄၀၂၆၂၆၃၉၃၊ ၀၉-၉၇၈၄၁၅၅၆၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ကွင်းအမှတ် ၁၃၃၄(က)၊ ဦးပိုင်အမှတ်(၈၅/၂)၊ မြေဧရိယာ(၁ ဒသမ ၅၀)ဧက အကျယ်အဝန်းရှိ ယာမြေကွက်နှင့် ကွင်းအမှတ် ၁၃၃၄(က)၊ ဦးပိုင်အမှတ်(၈၆/၁)၊ မြေဧရိယာ(၀ ဒသမ ၄၆)ဧက အကျယ်အဝန်းရှိ ယာမြေကွက်များသည် ဦးကျော်ကျော်နိုင်အမည်ဖြင့် ယာမြေလုပ်ပိုင်ခွင့်ရရှိထားသောမြေကွက်များဖြစ်ပါသည်။ အဆိုပါယာမြေကွက်များနှင့်တကွ ယင်းယာမြေကွက်များပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယာမြေအမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးကျော်ကျော်နိုင်(ဘ)ဦးသိန်းဝင်း(၅/မရန(နိုင်)၀၀၀၁၇၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသက်နိုင်စိုး (LL.B) တရားလွှတ်တော်ရှေ့နေ**

| | | |
|---|---|---|
| **ဒေါ်သန္တာဆွေ** (LL.B) | **ဦးမြတ်စိုးဦး** (LL.B) | **ဦးဝေဖြိုးအောင်** (LL.B) |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**(TNS Law Frim & Legal Services)**

**(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၂၅၉၁၁၈၅၆၁၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၂-၅၁၅၄၅၄၁**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ ၆၆လမ်း၊ ၄၂လမ်းနှင့် ၄၃လမ်းကြားနေ ဦးရန်ဖာရှမ်း(၁၃/လရန(နိုင်)၀၉၄၉၄၀)နှင့် ဒေါ်အေးခွေ(၁/ဝမန(နိုင်)၀၄၁၃၅၃)တို့၏ သားဖြစ်သူ မောင်ကောင်းထက်နိုင်(ဘ-ဦးရန်ဖာရှမ်း)(၉/မဟမ(နိုင်)၀၄၄၄၃၂)ကိုင်ဆောင်သူသည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ဒုက္ခအမျိုးမျိုးပေးပြီး မိဘများအား ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ သည်းမခံနိုင်လောက်အောင် ကြိမ်ဖန်များစွာပြုလုပ်ခြင်းတို့ကြောင့် ယနေ့(၁၅-၇-၂၀၂၄)နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် စီးပွားရေး၊ လူမှုရေး၊ ငွေရေးကြေးရေးစသည့် မည်သည့်ကိစ္စရပ်ကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ မောင်ကောင်းထက်နိုင်နှင့် မိဘများမှာ လုံးဝ(လုံးဝ)သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးရန်ဖာရှမ်း** | **ဒေါ်အေးခွေ** |
| **၁၃/လရန(နိုင်)၀၉၄၉၄၀** | **၁/ဝမန(နိုင်)၀၄၁၃၅၃** |

## အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့၊ ကျမိုင်းကြီးဒေသစိတ်၊ ချွန်းတောင်တန်းစု၊ ရှမ်းတန်းရပ်ရှိ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ဝသန(နိုင်)၀၁၄၂၉၅) ကိုင်ဆောင်သူ ဒေါ်မမလေးပိုင်ဆိုင်သော အိမ်နှင့်မြေအပါအဝင် ဝန်းသိုမြို့ မြို့မဈေးကြီးဈေးအတွင်းရှိ ဆိုင်ခန်း(၉)ခန်းအား အမှတ်(၆)ကွင်းတိုင်စုရပ်၊ ကျန်စစ်သားလမ်း၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးနေထိုင်သူ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ရဘန(နိုင်)၀၃၄၇၃၃)ကိုင်ဆောင်သူ ဦးအေးပို နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မသန(နိုင်)၀၂၅၂၀၃)ကိုင်ဆောင်သူ ဦးကျော်ကျော်မိုးနှစ်ဦးမှ အထက်ပါ နေရပ်လိပ်စာတွင်ရှိ အိမ်နှင့်မြေ ဈေးဆိုင်ခန်းတို့အား ဝယ်ယူရန် သဘောတူညီကြပြီး ရောင်းကြေးတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လွင်လွင်ဦး (LL.B) (စဉ်-၂၄၀၈၃) အထက်တန်းရှေ့နေ**

**အမှတ်(၄၇/က)၊ ဗ/၂၀၊ ၅၅လမ်းနှင့် ၅၆လမ်းကြား၊ မြရည်နန္ဒာမြို့သစ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၆၅၆၇၅၉၁၈**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ e-Government လုပ်ငန်းစဉ်များအတွက် Video Conferencing Camera နှင့် ဆက်စပ်ပစ္စည်းများဝယ်ယူခြင်းလုပ်ငန်းအား တင်ဒါခေါ်ယူဆောင်ရွက်မည် ဖြစ်ပါ၍ လုပ်ငန်းဆောင်ရွက်လိုသည့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါပုံစံစတင် ရောင်းချမည့်နေ့ရက် | - ၂၂-၇-၂၀၂၄ ရက် (တနင်္လာနေ့) ရုံးချိန်အတွင်း |
| (ခ) | တင်ဒါပုံစံနောက်ဆုံး ပေးသွင်းရမည့်နေ့ရက် | - ၅-၈-၂၀၂၄ ရက် (တနင်္လာနေ့) ရုံးချိန်အတွင်း |

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး (၀၂-၂၈၄၄၉၉၃)သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

## ကြော်ငြာစာ

မန္တလေး၊ မဟာမုနိဘုရားကြီး ဘဏ္ဍာတော်ပိုင်၊ အရှေ့စောင်းတန်း၊ ဆိုင်ခန်းအမှတ်(၃၅)၊ ဒေါ်တင်စောယုလှိုင်အမည်ပေါက်သော ဆိုင်ခန်းမှတ်ပုံတင်စာအုပ်ပျောက်ဆုံး၍ စာအုပ်အသစ်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ရုံးအဖွဲ့မှူး**

**မဟာမုနိဂေါပကအဖွဲ့ရုံး၊ မန္တလေးမြို့။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၃)၊ ဦးပိုင်အမှတ်(၁၀၃)၊ ၅၇လမ်းနှင့် ၅၈လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ မြေကွက်အား ဂရန်အမှတ်အမှတ်(၃၉၃၈/၉၂-၉၃)အရ ဦးခင်မောင်မြင့် မှတ်ပုံတင်အမှတ်(NYHE-၀၀၆၃၂၀)အမည်ပေါက်သို့ မြေရာဇဝင်၁-ကမှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဒေါ်မော်မော်လေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၁၆၁၈၆)မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၁၇

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန်ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာရေးနှင့် ပြည်သူချင်း ထိတွေ့ဆက်ဆံမှုကဏ္ဍများအပါအဝင် နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig ကိုလက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေ အဖွဲ့ (UNFPA) ၏မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig ဦးဆောင်သော အဖွဲ့ကို ယနေ့နံနက် ၁၁ နာရီက အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် UNFPA တို့အကြား လုပ်ငန်းအစီအစဉ် (Workplan) ရေးထိုးဆောင်ရွက်နိုင်ရေးနှင့် လူသားချင်းစာနာမှု လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဘာသာရပ်ဆိုင်ရာ အရာထမ်းများနှင့် UNFPA ရုံးမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ရှမ်းယူနိုက်တက်အသင်းတို့နှင့် ကာဆူကာ အသင်းတို့ တစ်ဖက် တစ်ဂိုးစီ သရေကျ

၂၀၂၄-၂၀၂၅ ခုနှစ် အာဆီယံ ပထမအကျော့ပွဲစဉ်တစ်ပွဲအဖြစ် ကလပ် ချန်ပီယံရှစ် ခြေစစ်ပွဲ ယနေ့ညက ဘရူနိုင်းကလပ်




ကာဆူကာအသင်းနှင့် မြန်မာ နေရှင်နယ်လိဂ်ကလပ် ရှမ်းယူနိုက်တက်အသင်းတို့ ကစားခဲ့ကြပြီး တစ်ဂိုးစီ သရေကျခဲ့သည်။

ကာဆူကာအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၄၄ မိနစ်တွင် ဆူလီဇန်တေလာက သွင်းယူခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၇၉ မိနစ်တွင် ဟိန်းဖြိုးဝင်းက သွင်းယူပေးခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် လာမည့် ဇူလိုင် ၂၄ ရက်တွင် ဒုတိယအကျော့အဖြစ် အိမ်ကွင်း၌ ကာဆူကာအသင်းနှင့် ထပ်မံကစားရမည်ဖြစ်သည်။

(NGB)

## ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၁၇

ဇူလိုင် ၁၉ ရက်တွင် ရောက်ရှိမည့် (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီ ၄၅ မိနစ်မှစတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD ၊ MRTV News ၊ MRTV Parliament ၊ MRTV NRC ၊ MWD-HD ၊ ၊ MWD Variety HD ၊ ၊ MITV ၊ MOI Website ၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM ၊ Star FM ၊ ပတ္တမြား FM ၊ FM ပုဂံ ၊ ပဉ္စဝတီ FM၊ မန္တလေး FM၊ ချယ်ရီ FM၊ ရွှေ FM နှင့် MRTV APP: အပါအဝင် Online တို့မှ တိုက်ရိုက် (Live)ထုတ်လွှင့်သွားမည်ဖြစ်သည်။

သတင်းစဉ်

## 2024 AFF U-19 Boys Championship ပြိုင်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲ အခမ်းအနား ကျင်းပ

အင်ဒိုနီးရှားနိုင်ငံ၊ ဆူရာဘာယားမြို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် 2024 AFF U-19 Boys Championship ပြိုင်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲအခမ်းအနားကို ယနေ့တွင် Gelora Bung Tomo Stadium ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။




ပွဲကြိုသတင်းစာရှင်းလင်းပွဲ အခမ်းအနားကို ပြိုင်ပွဲဝင်အသင်းများ၏ နည်းပြချုပ်များ တက်ရောက်ခဲ့ကြသည်။

"အားလုံးသိထားတဲ့အတိုင်း မြန်မာအသင်းက အုပ်စုကျပ်မှာ ကျရောက်နေပါတယ်။ ဩစတြေးလျ၊ ဗီယက်နမ်စတဲ့ အသင်းကောင်းတွေပါဝင်သလို လာအိုကလည်း တိုးတက်လာတဲ့ အသင်းဖြစ်ပါတယ်။ ပြိုင်ပွဲအတွက် အသင်းတိုင်းက သေချာပြင်ဆင်လာမှာဖြစ်သလို မြန်မာအသင်းအနေနဲ့လည်းအကောင်းဆုံး ပြင်ဆင်လာခဲ့ပါတယ်။ ပွဲစဉ်တိုင်းကို သေချာအာရုံစိုက်ပြီး အကောင်းဆုံး ယှဉ်ပြိုင်သွားမှာပါ။ လက်ရှိမှာတော့ ဗီယက်နမ်နဲ့ အဖွင့်ပွဲစဉ်ကိုပဲ အာရုံစိုက်ထားပါတယ်"ဟု မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်း၏ နည်းပြချုပ် ဦးအောင်နိုင်က ပြောကြားခဲ့သည်။

မြန်မာအသင်းသည် အုပ်စု အဖွင့်ပွဲစဉ်အဖြစ် ဇူလိုင် ၁၈ ရက်တွင် ဗီယက်နမ်အသင်းနှင့်လည်းကောင်း၊ ဇူလိုင် ၂၁ ရက်တွင် လာအိုအသင်းနှင့်လည်းကောင်း၊ ဇူလိုင် ၂၄ ရက်တွင် ဩစတြေးလျအသင်းနှင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(NGB)

ဝ-ဝ-ဝ-ဝ-ဝ

• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။